Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

**ပြည်ထောင်စု တခုလုံးရင်ဆိုင်နေရသည့် လူ့အခွင့်အရေး၊ ဥပဒေစိုးမိုးရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ အကြပ်အတည်းများနောက်ခံမှနေ၍ ချင်းပြည်နယ်၏ နိုင်ငံရေးပဋိပက္ခများအား သုံးသပ်ချက်စာတမ်း**

**နိဒါန်း**

ယနေ့ကာလတွင် လူ့အခွင့်အရေးသည်ကမ္ဘာလုံးဆိုင်ရာ စံထားချက်များ လမ်းကြောင်းသို့တရွေ့ရွေ့ ဦးတည်လာလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းတွင်ပါရှိသည့် အချို့သော ပြဋ္ဌာန်းချက်များအား နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေအဖြစ် လက်ခံကျင့်သုံးမှုများရှိလာနေပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင်လွန်ခဲ့သည့် နှစ်ပေါင်းခြောက်ဆယ်ကျော် စစ်အာဏာရှင်စနစ်၏ ဖိနှိပ်မှုအောက်တွင် ယင်းကို ခုခံဆန့်ကျင်တိုက်ပွဲဝင်ရင်းအမျိုးသားရေးဝါဒများ တစတစ အားကောင်းလာခဲ့သည်။ ယနေ့ကာလမှာ အားအကောင်းဆုံးဟု ဆိုနိုင်သည်။ အမျိုးသားရေးဝါဒများကို တန်ဘိုးထားရမည်ဖြစ်သော်လည်း၊ ယင်းကို အကန့်အသတ်ဖြင့် ဖော်ဆောင်ရပါမည်။ ယင်းအကန့်အသတ်မှာ အဘယ်နည်း။ လူ့အခွင့်အရေးဖြစ်သည်။

တိုင်းရင်းသားအမျိုးသားတရပ်က ယင်း၏အမျိုးသားရေးအကျိုးစီးပွားကို အကောင်းဆုံး ကြိုးပမ်းဖော်ဆောင်ရာတွင် အခြားအမျိုးသားတရပ်ရပ် သို့မဟုတ် အခြားလူပုဂ္ဂိုလ်၊ ပြည်နယ်သား၊ နိုင်ငံသားတဦးဦး၏ လူ့အခွင့်အရေးကို မထိပါးစေရေးဖြစ်သည်။ ယင်းသို့မထိပါးနိုင်စေရေးမှာ ဥပဒေစိုးမိုးရေးအား လက်တွေ့အကောင် ထည်ဖော်ကျင့်သုံးမှသာ အောင်မြင်နိုင်ပါသည်။ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် တိုးတက်ဖွံ့ဖြိုးမှုစံတန်ဘိုးများအား ခံစားနိုင်ပါမည်။

မြန်မာနိုင်ငံအတွင်း ဥပဒေစိုးမိုးရေးအခြေခံမှ နေ၍ လူ့အခွင့်အရေးကို ဦးတည်သည့် အရင်းခံကျသော အပြောင်းအလဲကို တန်ဘိုးထားပါက စစ်အာဏာရှင်စနစ်မှချုပ်ငြိမ်းမှသာလျှင် အောင်မြင်နိုင်ခြေ ရှိ သည်။ ဤတွင် တိုင်းရင်းသား နိုင်ငံရေး၊ စစ်ရေးအင်အားစုများနှင့် တိုင်းရင်းသား ပြည်နယ်များက လိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်စနစ်၏ အခန်းကဏ္ဍသည် အဘယ်နည်း။ လူ့အခွင့်အရေးနှင့် မည်ကဲ့သို့ဆက်စပ်သနည်း။

လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ နှစ်ပိုင်းရှိသည်။ တပိုင်းမှာချိုးဖောက်ကျူးလွန်သူများအားထိရောက်စွာ

အရေးယူခြင်းဖြစ်သည်။ သို့မှသာ နောက်ထပ်မဖြစ်ပွားစေရေးအတွက် ကာကွယ်နိုင်မည်ဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို အတင်းအကြပ်ကာကွယ်နေသည့် စစ်ကောင်စီ၏ အဆင့်ဆင့်ခေါင်းဆောင်များကို အဓိကအားဖြင့် အရေးယူရန်ရည်ညွှန်းသည်။ ဤအပိုင်းတွင် များစွာအားနည်းလျက်ရှိသည်။ နိုင်ငံတကာအနေဖြင့် ထိရောက်စွာ မဆောင်ရွက်နိုင်သေးပါ။

နောက်တပိုင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုများ မဖြစ်ပွားစေရန်၊ သို့မဟုတ် ဖြစ်ပွားမှုများလျော့နည်းစေရန် ကြိုတင်ကာကွယ်ခြင်းဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို တော်လှန်တိုက်ပွဲဝင်နေစဉ်မှာပင် မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဖက်ဒရယ်စနစ်၏ကျောရိုးများအား ဥပဒေစိုးမိုးရေးအခြေခံတွင် အောက်ခြေမှ အထက်သို့မူဖြင့် ချမှတ်ကျင့်သုံးခြင်းအားဖြင့် ကြိုတင်ကာကွယ်နိုင်သည်။ ယင်းသို့ ကြိုတင်ကာကွယ်ခြင်းဖြင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်လျက်ရှိသည့် မတူကွဲပြားသော အင်အားစုများအတွင်း ညီညွတ်မှု ရရှိစေနိုင်သည်။

ယင်းတို့ကို ဦးတည်ပါမူ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် လူ့အခွင့်အရေး၏ ကျောရိုးတခုဖြစ်သည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရ အဆင့်များတွင် ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးလျက် ဖော်ဆောင်ခွင့်များကို အာမခံပြဋ္ဌာန်းထားဘို့လိုသည်။ ၎င်းနှင့်စပ်လျဉ်း၍ ဥပဒေပါ အခွင့်အရေး ဟူသည်မှာ အဘယ်နည်း။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုယ်တိုင်က ဥပဒေအဖြစ် မပြဋ္ဌာန်းသင့်သည့် အရာများကို ထည့်သွင်းပြဋ္ဌာန်းထားသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထိခိုက်ဆုံးရှုံးစေမှုများရှိသလား။ ပြဋ္ဌာန်းသင့်သည့်အရာများကို ထည့်သွင်းမပြဋ္ဌာန်းသဖြင့် နစ်နာမှုများပေါ်ပေါက်ခဲ့သလား၊ ပေါ်ပေါက်နိုင်သလား၊ စသည်တို့ အပါအဝင် ဥပဒေကြောင်းဆိုင်ရာမေးခွန်းများ ရှိလာပါသည်။ ဤနောက်ခံများမှနေ၍ ချင်းပြည်နယ်အတွင်းရှိ နိုင်ငံရေး ပဋိပက္ခများအား လေ့လာ၊ သုံးသပ်၊ တင်ပြထားပါသည်။

## ၁။ လူ့အခွင့်အရေးကို ဦးတည်၍ ဥပဒေစိုးမိုးရေးနောက်ခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးခြင်း။

ယင်းနှင့်စပ်လျဉ်း၍ လမ်းကြောင်းသုံးရပ်ရှိပါသည်။ **ပထမ**မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဘောင်အတွင်းမှ သို့မဟုတ် ၎င်းနှင့် ဆက်စပ်၍ သို့မဟုတ် ၎င်းကို အကြောင်းပြု၍ လှုပ်ရှားဖော်ဆောင်ခြင်းဖြင့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးသွားရန်ဖြစ်သည်။ **ဒုတိယ**မှာ စစ်အာဏာရှင်စနစ်ကို အရင်ဦးစွာချုပ်ငြိမ်းစေပြီးမှ ဖက်ဒရယ်စနစ်ကို ကျင့်သုံးရန်ဖြစ်သည်။ **တတိယ**မှာ စစ်အာဏာရှင်စနစ်ကို တွန်းလှန်ဖြိုချနေစဉ်မှာပင် ဖက်ဒရယ်စနစ်၏ အုတ်မြစ်များကို ချမှတ်ဖော်ဆောင်သွားရန်ဖြစ်သည်။

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) က ပထမလမ်းကြောင်းကို လျှောက်လှမ်းခဲ့သည်။ NLD က အမျိုးသားပြန်လည်သင့်မြတ်ရေးမူကို အခိုင်အမာကိုင်စွဲလျက် အစွမ်းကုန်လိုက်လျောကာ စစ်ခေါင်းဆောင်များအား ချဉ်းကပ်ခဲ့သည်။ သို့သော် မအောင်မြင်ပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရင်းခံကျသော

ပြဋ္ဌာန်းချက်များအနက် ဝေါဟာရကလေး တလုံးကိုပင် ပြင်ဆင်နိုင်ခဲ့ခြင်းမရှိ။ နိုင်ငံရေးမူသည် ဖွဲ့စည်းပုံသံမဏိ တံတိုင်းကြီးအား ထိုးဖောက်နိုင်ခဲ့ခြင်းမရှိကြောင်းတွေ့ရသည်။

၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက်တွင် ဝန်ကြီးချုပ်ဟောင်းဦးနု ခေါင်းဆောင်လျက် **ဒုတိယ** လမ်းကြောင်းကို လျှောက်လှမ်းခဲ့သည်။ သို့ရာတွင် ဖက်ဒရယ်စနစ်ကို လိုလားသော တိုင်းရင်းသားအင်အားစု များ၏ ယုံကြည်မှုကို မရရှိခဲ့။ စစ်အာဏာရှင်စနစ်ကို ဖြိုချနိုင်ရေး အတွက်ခုခံဆန့်ကျင်လှုပ်ရှားနေကြသော နိုင်ငံရေး၊ စစ်ရေးအင်အားစုများအတွင်း ညီညွတ်မှုကို မတည်ဆောက်နိုင်ခဲ့။ မအောင်မြင်ခဲ့ပါ။ ထိုလမ်းကြောင်း ကို မည်သည့်အဖွဲ့အစည်းကပင် လျှောက်လှမ်းသည်ဖြစ်စေ အောင်မြင်ရန် အလားအလာနည်းလွန်းလှသည်။ အဆိုပါ လမ်းကြောင်းနှစ်ခုလုံးမှာ ငြင်း၍မရသော အနီးခေတ် သမိုင်းသက်သေ ဖြစ်သွားခဲ့ပါပြီ။

သို့ဖြစ်၍ မြန်မာနိုင်ငံအတွက် အဖြေမှာ တတိယ လမ်းကြောင်းဖြစ်သည်။ NLD/CRPH/NUCC နှင့် NUG တို့သည် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ကိုင်စွဲလျက် တတိယ လမ်းကြောင်းကို နိုင်ငံရေးအရ စတင် လျှောက်လှမ်း ခဲ့ကြသည်ဟု ဆိုနိုင်သည်။ (ပြည်ထောင်စု ဖွဲ့စည်းရာတွင်ပါဝင်သော) ပြည်နယ်များနှင့် ၎င်းအ တွင်း မှီတင်းနေထိုင်လျက်ရှိသောလူထုများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (Provincial Sovereignty) မူကို အတိအလင်းလက်ခံလိုက်ခြင်းကြောင့်ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ဦးနု၏ မူနှင့် ဆန့်ကျင်ဆောင်ရွက်လိုက် ခြင်းဖြစ်သည်။

အကျိုးဆက်အနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းအတော်များများ၏ ယုံကြည်မှုများရလာသည်။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုများ လုပ်နိုင်လာသည်။ အောင်မြင်မှုရရှိလာသည့် အပိုင်းများကိုလည်း တွေ့ရသည်။ ကုလသမဂ္ဂတွင် မြန်မာနိုင်ငံ၏ နေရာကို စစ်ကောင်စီက မထိုင်နိုင်အောင် ဟန့်တားထား နိုင်ခဲ့သည်။ NUG အား နိုင်ငံအချို့ကနေ၍ တရားဝင်အစိုးရနီးပါး ဆက်ဆံမှုများပြုလာခဲ့သည်။ အမေရိကန်နိုင်ငံ က ပြဋ္ဌာန်းလိုက်သော အမျိုးသားကာကွယ်ရေး နှင့် အခွင့်အာဏာအပ်နှင်းရေး ဆိုင်ရာဥပဒေ (NDAA) အရ ထောက်ပံ့မှု ရယူခွင့်ရှိသည့် အင်အားစုများစာရင်းတွင် NUG/NUCC/CRPH တို့သည် ထိပ်ဆုံးမှနေ၍ ပါဝင်လာ သည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ် သောမတ်စ်အင်ဒရူး ကိုယ်တိုင် က NUG ကို တရားဝင်အစိုးရအဖြစ်အသိအမှတ်ပြုသင့်ကြောင်း တိုက်တွန်းချက်များ ထွက်ပေါ်လာသည်။

သို့ရာတွင် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်မှာ နိုင်ငံရေးသဘောတူညီချက် မျှသာဖြစ်သည်။ ဥပဒေအရ စည်းနှောင်မှုမရှိ။ မလိုက်နာပျက်ကွက်မှု များရှိနေပါက အတင်းအကြပ်အတည်ပြုခွင့် မရ။ အတင်းအကြပ် အတည်ပြုနိုင်သည့် (တရားစီရင်ရေးယန္တရားအပါအဝင်) မည်သည့်တိုင်းပြည်အဆောက်အအုံမျှမရှိ။ တရားစီ ရင်ရေးယန္တရားရှိစေဦးတော့၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်သည် ဥပဒေမဟုတ်သဖြင့် တရားရုံးသို့တင်သွင်း ပြီး အဆုံးအဖြတ်ခံယူခွင့်မရှိ။ အတင်းအကြပ်အတည်မပြုနိုင်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် သက်တမ်းသုံးနှစ် ကြာလာပြီဖြစ်သည်။ သို့သော်မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဖက်ဒရယ်စနစ်ဟုဆိုနိုင်သည့် ပြည်နယ်များတွင် အချုပ်အခြာအာဏာအများစုကို ပိုင်ဆိုင် သည့် ဖက်ဒရယ်စနစ်၏ အုတ်မြစ်အား ချမှတ်ကျင့်သုံးနေကြောင်းတိတိကျကျမတွေ့ရ။ သို့ဖြင့် စည်းလုံးညီ

ညွတ်မှုရှာဖွေရေးမှာ ထိထိရောက်ရောက် အကောင်အထည်ပေါ်မလာ။ စစ်ကောင်စီကို ဘုံရန်သူအဖြစ် သတ်မှတ်ပြီး အတူတွဲတိုက်ကြသည့် အနေအထားလောက်မှာပင် ရပ်တန့်လျက်ရှိသည်။ စစ်ရေးအရ စစ်ကောင်စီ ရှုံးနိမ့်ကာ ပျက်စီးပြိုလဲသွားစေဦးတော့ ၎င်း၏နေရာတွင် အစားထိုးပြီး ပြည်ထောင်စုနိုင်ငံတဝှမ်းလုံးကို လွှမ်းခြုံအုပ်ချုပ်နိုင်ရန် အသင့်ပြင်ထားသည့် အနေအထားခိုင်ခိုင်မာမာမရှိ။ နိုင်ငံရေးအာဏာလစ်ဟာမှု[1] ကို ကာကွယ်နိုင်ရန် ဥပဒေအရပြင်ဆင်ထားမှု တိတိကျကျမရှိ။

ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေအား အတည်ပြုကျင့်သုံးရန် ကြိုးပမ်းအားထုတ်မှုများတွေ့လာရသော်လည်း ပြည်ထောင်စု အဆင့်တွင်ရော ပြည်နယ်များ အဆင့်တွင်ပါ ခိုင်ခိုင်မာမာ လျှောက်လှမ်းမှုများ ထင်ရှားစွာမတွေ့ရသေး။ လူ့အဖွဲ့အစည်းက ရှေ့ကိုရွေ့လျက်ရှိသည်။ ဥပဒေက နောက်မှာကျန်နေသည်။ လူ့အဖွဲ့အစည်းက ရှုပ်ထွေးသည်။ ကျယ်ပြန့်သည်။ နက်ရှိုင်းသည်။ ဥပဒေက ရှင်းလင်းသည်။ တိကျသည်။ ရွေးချယ်မှုရှိသည်။ ဤနှစ်ခုကို မည်ကဲ့သို့မှန်ကန်စွာ ပေါင်းစပ်ကျင့်သုံးသင့်သည်ဆိုသည်မှာ ယနေ့လူ့အဖွဲ့အစည်းတရပ်လုံး (အထူးသဖြင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်၊ ခုခံ၊ တိုက်ပွဲဝင်နေကြသော နိုင်ငံရေး၊ စစ်ရေး၊ ဥပဒေရေး အင်အားစုများအားလုံး) ရင်ဆိုင်နေရသော အဓိကပြဿနာဖြစ်သည်။

## ၂။ တရားဝင်မှုနှစ်ရပ် ထိပ်တိုက်တွေ့သည့် နောက်ခံမှ ပေါ်ပေါက်ခဲ့၊ ပေါ်ပေါက်ဆဲဖြစ်သည့် ဥပဒေပြဿနာ

မြန်မာနိုင်ငံတွင် ပြည်တွင်းတွင်သာမက၊ နိုင်ငံတကာကပါ အသိအမှတ်ပြုခဲ့သည့် ရွေးကောက်ပွဲနှစ်ခု ရှိခဲ့သည်။ ၁၉၉၀ နှင့် ၂၀၂၀ ခုနှစ်များတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများဖြစ်သည်။ NLD က တောင်ပြိုကမ်းပြိုအနိုင်ရခဲ့သည့် ရွေးကောက်ပွဲများဖြစ်ကြောင်း တင်စားပြောဆိုလေ့ရှိခဲ့သည်။ သို့ဖြစ်၍ ရွေးကောက်ပွဲအရ တရားဝင်မှုသည် အဓိကအားဖြင့် NLD, SNLD အစရှိသည့် နိုင်ငံရေးပါတီများတွင် ရှိသည်။ သို့ရာတွင် ရွေးကောက်ပွဲအရ တရားဝင်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စွမ်းအားကို မကျော်နိုင်ခဲ့။

၁၉၉၀ ခုနှစ်ရွေးကောက်ပွဲ နှင့်စပ်လျဉ်း၍ စစ်အာဏာရှင်များက ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသဖြင့် အနိုင်ရပါတီအား အာဏာလွှဲမပေးနိုင်၊ လွှတ်တော်ခေါ်ခွင့်မပြုနိုင် ဟု အကြောင်းပြခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိမှု အကြောင်းပြချက်ကို နောက်ဆုံးတွင် NLD က လက်ခံခဲ့ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရန်ဟု အကြောင်းပြီး စစ်အာဏာရှင်များက ၁၉၉၃ ခုနှစ်တွင် ဦးဆောင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံအား NLD တက်ရောက်ခဲ့သည်။ ရွေးကောက်ပွဲအရ ရရှိခဲ့သည့် တရားဝင်မှုအား ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲရေးဟူသည့် လုပ်ငန်းစဉ်ကို လွှဲအပ်ပေးခဲ့ရသည့် သဘောဆောင်သည်။ စစ်အာဏာရှင်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရေးလမ်းကြောင်းကို ဖြောင့်ဖြောင့် လျှောက်ပါတော့သည်။ ယင်းနောက်ခံဖြင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာခဲ့သည်။

[1] Political Power Vacuum

၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်အာဏာရှင်စနစ်ကို နည်းလမ်းတကျ အသက်သွင်းထားသည်။ လူထု၏ အခြေခံအခွင့်အရေးများအား ပေးထားသလိုလိုနှင့် ရုပ်သိမ်းထားသည်။ အစိုးရ၏ အခွင့်အာဏာကို ကန့်သတ်ရမည့်အစား တိုးချဲ့ထားသည်။ အတင်းကြပ်ဆုံးသော ဗဟိုချုပ်ကိုင်မှုကိုကျင့်သုံး ထားသည်။ အဆိုပါ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအောက်သို့ ၂၀၁၂ ခုနှစ်တွင် NLD က ခေါင်းလျှိုးဝင်ရောက်သွားခဲ့သည်။ ထိုအခါ ရွေးကောက်ပွဲအရ တရားဝင်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်မှုကို အရှုံးပေးလိုက်ရသည့် သဘောဆောင်သည်။

## ၃။ ဥပဒေစိုးမိုးရေးသည် နိုင်ငံရေးမျက်နှာစာသို့မရောက်ရှိခြင်း

NLD က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပေးလိုက်ခြင်းသည် စစ်ခေါင်းဆောင်များက ပြစ်မှုကြီးများကျူးလွန်ပြီးနောက် လွတ်ကင်းခွင့်ရနေသည့် အခြေအနေကိုတရားဝင် အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စစ်ခေါင်းဆောင်များကို ကင်းလွတ်ခွင့်ပေးထားသည့် ပုဒ်မ ၄၄၅ အတိအလင်းပါဝင်နေခြင်းကြောင့်ပင်။ သို့ဖြစ်၍ NLD က ကျင့်သုံးခဲ့သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် ဥပဒေစိုးမိုးရေးအခြေခံကို မျက်ကွယ်ပြုခဲ့သည်ဟု ဆိုနိုင်သည်။

NLD က လွှတ်တော်အတွင်းဝင်ရောက်ခဲ့သည့် ၂၀၁၂ ခုနှစ်မှစပြီး စစ်တပ်က နောက်ဆုံးအာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ်အထိ ဆယ်နှစ်တာကာလအတွင်း ဥပဒေစိုးမိုးရေးသည် ယောင်ဝါးဝါး ဖြစ်ခဲ့သည်။ ပြစ်မှု ကျူးလွန်သူများကို အပြစ်ပေးရမည် ဟူသည့်အသံများအားကျယ်ကျယ်လောင်လောင် မကြားခဲ့ရ။ ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့တရားရုံး (ICJ) အထိတက်ရောက်ကာ စစ်အာဏာရှင်စနစ်ကို ခုခံကာကွယ်ခဲ့သည်။ NLD ခေါင်းဆောင်သည့် ဒီမိုကရေစီအင်အားစုများအခြေခံမှုကြည့်လျှင် ဥပဒေစိုးမိုးရေးသည် နိုင်ငံရေးမျက်နှာစာသို့ မရောက်ရှိခဲ့ပါ။

၁၉၉၃ မှ ၂၀၁၁ ခုနှစ်အထိ ကာလအတွင်း တိုင်းရင်းသားအင်အားစုများသည် စစ်အာဏာရှင်များက တိုက်ရိုက်ဖန်တည်းထားသော (ငြိမ်းချမ်းရေးကိုဦးတည်ကြောင်း အသံကောင်းဟစ်ထားသည့်) အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲ၊ အမျိုးသားညီလာခံဟူသည်များတွင် အချိန်ကုန်ခဲ့ကြသည်။ ၂၀၁၁ မှ ၂၀၂၁ ခုနှစ်အထိ ကာလအတွင်း တနိုင်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ပေါ်လာရေးနှင့် ၎င်းအတိုင်းလိုက်နာဖော်ဆောင်ရေး ဆွေးနွေးပွဲဟူသည်များတွင် နစ်မျောသွားခဲ့ကြပြန်သည်။ ကိုယ်ကျိုးစီးပွားကို အခြေခံ၍ မြှောလိုက်ခဲ့ကြသည့် တဦးချင်းပုဂ္ဂိုလ်များ၊ နိုင်ငံရေး အင်အားစုများ၊ စစ်ရေးခေါင်းဆောင်များလည်း ရှိနိုင်သည်။ မည်သည့် အခိုင်အမာသဘောတူညီချက် တခုမျှမရပါဘဲလျက် နိုင်ငံရေးသဘောဆောင်သည့် ဆွေးနွေးပွဲဟူသည်များအား အဓိကအာရုံစိုက်ခဲ့ကြသည်။ ဥပဒေစိုးမိုးရေးသည် နိုင်ငံရေးမျက်နှာစာသို့မရောက်ခဲ့။

ဥပဒေစိုးမိုးရေးနှင့်စပ်လျဉ်း၍ ပထမဆုံးစိတ်ဝင်စားမှုပြပြီး၊ လက်တွေ့ဖော်ဆောင်ရန် ကြိုးစားခဲ့သည့် အဖွဲ့အစည်းမှာ မွန်ပြည်သစ်ပါတီ (NMSP) ဖြစ်သည်။ ဒုတိယမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီဖြစ်သည်။ တတိယမှာ ကချင်အမျိုးသားလွတ်လပ်ရေးအဖွဲ့ (KIO) ဖြစ်သည်။ ယခုမျက်မှောက်အချိန်တွင် ဥပဒေ

စိုးမိုးရေးနှင့် စပ်လျဉ်း၍ KIO သည် အတက်ကြွဆုံးနှင့် ဖောက်ချ အဖော်ဆောင်ဆုံး အဖွဲ့အစည်းဖြစ်နေသည်။ ဆယ်စုနှစ် တစုကျော်ခဲ့ပါပြီ။

ခြုံ၍သုံးသပ်ရလျှင် ဥပဒေစိုးမိုးရေးသည် စစ်အာဏာရှင်စနစ်ကို နိုင်ငံရေးအရဖြစ်စေ၊ စစ်ရေးအရဖြစ်စေ၊ ခုခံဆန့်ကျင်နေကြသည် အင်အားစုအများစုကြီးအတွင်း နိုင်ငံရေးမျက်နှာစာသို့ မတက်ခဲ့ပါ။ လူ့အဖွဲ့အစည်းက ဥပဒေကို ကြီးမားစွာလွှမ်းမိုးခဲ့သည်။ ဥပဒေသည် လူ့အဖွဲ့အစည်း အပြောင်းအလဲအတွက် အရေးမပါသည့် အနေအထားသို့သက်ရောက်စေခဲ့သည်။ ဥပဒေ၊ ဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အရင်းခံစနစ်၊ ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ လူ့အခွင့်အရေးကိုဦးတည်ကာ၊ ဖက်ဒရယ်စနစ်နှင့် ဒီမိုကရေစီ ကျင့်စဉ်ကို ကျင့်သုံးခြင်းစသည်များမှာ လူထုအများစုကြီးက စိတ်ဝင်စားလေ့လာသည့် အဆင့်သို့မတက်ခဲ့။ ဥပဒေဟူသည်မှာ ရှေ့နေများ၏ အလုပ်၊ ဥပဒေအလုပ်ဖြင့် အသက်မွေးနေကြသူများ၏ အလုပ်ဟူ၍သာ နားလည်လက်ခံထားကြသူက များသည်။ ၁၉၈၉ မှ ၂၀၂၀ ခုနှစ်အထိ နှစ်ပေါင်း ၃၁ နှစ်မျှကာလအတွင်း နိုင်ငံရေးအရ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အဓိကအခြေပြုလည်ပတ်ခဲ့သော လူ့အဖွဲ့အစည်းသည် ဥပဒေကို လွှမ်းမိုးခဲ့သည်။ ဥပဒေစိုးမိုးရေး၏ အနိမ့်ဆုံး စံထားချက်များသည်ပင်လျှင် ခေါင်းမဖော်နိုင်ခဲ့။

## ၄။ လူ့အဖွဲ့အစည်းက ဥပဒေကို လွှမ်းမိုးထားခဲ့သော်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသည့် တိုင်းပြည်ယန္တရားများက လူ့အဖွဲ့အစည်းကို ပြန်လည်ထိန်းချုပ်ထားနိုင်ခဲ့ခြင်း

ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် သူမ၏ ပုဂ္ဂိုလ်ရေးခံစားခွင့်များကို အနစ်နာခံစွန့်လွှတ်ကာ တတိုင်းပြည်လုံးကောင်းစားရေးအတွက် မျှော်မှန်းဆောင်ရွက်ခဲ့သူဖြစ်ပါလျက် အထက်ပါ အခြေအနေများ အဘယ်ကြောင့်ပေါ်ပေါက်ခဲ့သနည်း။ လူ့အဖွဲ့အစည်းအတွင်း မည်သည့်အရာမှန်းသေချာစွာမသိရှိရသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးမူနှင့်အတူ သူရဲကောင်းဝါဒကို မသိမသာဖြစ်စေ၊ သိသိသာသာဖြစ်စေ ကျင့်သုံးခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းကို အမျိုးသားသူရဲကောင်းအဖြစ် လူထုအများစုကြီးက မှတ်ယူတန်ဘိုးထားမှုသည် အခြေအနေနှစ်ရပ်ကို ဖြစ်ပေါ်စေခဲ့သည်။

ပထမတရပ်မှာ စစ်အာဏာရှင်စနစ်ကို ကျင့်သုံးလိုသည့် စစ်ခေါင်းဆောင်များက အသုံးချသွားခြင်းဖြစ်သည်။ ဗိုလ်ချုပ်အဆင့်သို့ရောက်လာသည့် စစ်ခေါင်းဆောင်များအနေဖြင့် ၎င်းတို့မှာ ဗိုလ်ချုပ်အောင်ဆန်း နှင့် တန်းတူအနေအထားမျိုး ကိုယ့်ကိုယ်ကို ခံယူပြုမူကြခြင်းဖြစ်သည်။ အရပ်သား နိုင်ငံရေးသမားဘဝထက် ဗိုလ်ချုပ်ရာထူးကို ပိုမိုဖက်တွယ်လာကြသည်။ ဗိုလ်ချုပ်ဘဝကနေ မဆင်းဘဲ တိုင်းပြည်၏ နိုင်ငံရေးကို ကြိုးကိုင်လိုသည့် ဘက်သို့ဦးတည်စေခဲ့သည်။

ဒုတိယတရပ်မှာ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် လည်းကောင်း၊လူထုကြီးနှင့် လည်းကောင်း သက်ဆိုင်သည်။ ဖေဖေထောင်ထားသော တပ်မတော်ကြီးဟူ၍ သူမက အကြိမ်ပေါင်းများစွာ ဖွင့်ဟထုတ်ဖော်ခြင်းသည် စစ်တပ်ခေါင်းဆောင်များအား သွေးနားထင်ရောက်စေခဲ့သည်။ လူထုအများ

စုကြီးက ဒေါ်အောင်ဆန်းစုကြည်အား သူရဲကောင်းလိုသဘောထားကာ အမြင့်ဆုံးသို့တွန်းတင်ပေးခဲ့ ခြင်းသည် "ကျွဲကူးရေပါ" အနေအထားမျိုးသို့သက်ရောက်ကာ စစ်ခေါင်းဆောင်များအတွက်ပါ အကျိုးရှိသွားစေသည်။

သူမ၏ မျက်နှာသာပေးမှုနှင့် အချို့သောတိုင်းရင်းသားအဖွဲ့အစည်းခေါင်းဆောင်များ၏ မြှောက်စားမှုများကို ရရှိခဲ့သော စစ်အာဏာရှင်များသည် (နိုင်ငံတကာရာဇဝတ်မှုပေါင်းများစွာကို ကျူးလွန်ခဲ့သော်လည်း) နိုင်ငံရေးရာဇပလ္လင်ကို တက်ကာ သူရဲကောင်းများကဲ့သို့လျှောက်လှမ်းခွင့် ရခဲ့ကြသည်။

စေတနာကောင်းဖြင့် တိုင်းပြည်ကို ငြိမ်းချမ်းစွာပြောင်းလဲစေလိုသော ဒေါ်အောင်ဆန်းစုကြည်အား စစ်ခေါင်းဆောင်များက နိုင်ငံရေးအရအသုံးချသွားခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် NLD က လွှတ်တော်အတွင်း ဝင်ရောက်သွားခဲ့သည့် အချိန်၌ စစ်ခေါင်းဆောင်များသည် အရပ်ဝတ်လဲလျက် တိုင်းပြည်အာဏာကြီးသုံးရပ်ကို ချုပ်ကိုင် ထားခဲ့ကြသည်။ ဦးသိန်းစိန်က သမ္မတ၊ သူရဦးရွှေမန်းက လွှတ်တော်ဥက္ကဋ္ဌ၊ ဦးသိန်းစိုးက ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဖြစ်ခဲ့သည်။ လွှတ်တော်၏ ကော်မတီ၊ ကော်မရှင်များသည် ပြည်ထောင်စု အဆင့်ရှိ မရှိ မေးခွန်းကို ဦးသိန်းစိန်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတင်ပြီး မေးမြန်းခဲ့သည်။ ဦးသိန်းစိုးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအနေဖြင့် ပြည်ထောင်စုအဆင့်မရှိကြောင်း ဆုံးဖြတ် ချက်ချခဲ့သည်။ ထိုစဉ်က သူရဦးရွှေမန်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့မှာ အတွဲအညီဆုံးဖြစ်ခဲ့သည်။ “လွှတ်တော်၏အထက်တွင် မိုးကောင်းကင်ဘဲရှိတယ်” ဟု ကြွေးကြော်ကာ ၎င်းတို့နှစ်ဦး ခေါင်းဆောင် လည်ပတ်နေချိန်ဖြစ်သည်။

၂၀၀၈ ဖွဲ့စည်းပုံ ပုဒ်မ ၁၁(က)၏ (မှားယွင်းသော) အာဏာကြီးသုံးရပ် လည်ပတ်တည်ရှိမှု ပြဋ္ဌာန်းချက်ကို အသုံးချလျက် စစ်ဗိုလ်ချုပ်သုံးဦးက နိုင်ငံရေးကစားသွားခဲ့ကြခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးမူသည် ၂၀၀၈ ဖွဲ့စည်းပုံအောက်ရှိ တိုင်းပြည်ယန္တရားနှင့် အဆောက်အအုံ (State Organs and State Institutions) အောက်တွင် စစ်ဗိုလ်ချုပ်များ၏ အသုံးချခံဖြစ်ခဲ့ရသည်။[2]

၂၀၀၈ ဖွဲ့စည်းပုံအောက်ရှိ တိုင်းပြည်ယန္တရားနှင့် တိုင်းပြည်အဆောက်အအုံ အားလုံးကို အကုန်အစင် ဖျက်သိမ်း၍ အသစ်များပြန်လည်ဖွဲ့စည်းရပါမည်။ တိုင်းပြည်ယန္တရားနှင့် တိုင်းပြည်အဆောက်အအုံ အသစ်များသည် ဖက်ဒရယ်စနစ် အခြေခံတွင် မှန်ကန်စွာလည်ပတ်ခြင်းဖြင့် ရှင်းရှင်းလင်းလင်းရှိမှု နှင့် တာဝန်ခံမှုကို ရှာဖွေနိုင်ရပါမည်။ ယင်းမှာ ဥပဒေစိုးမိုးရေးဖြစ်သည်။ ယင်းသို့ တာဝန်ခံမှုကို တိတိကျကျ ရှာဖွေနိုင်သည့်

[2] ဒေါ်အောင်ဆန်းစုကြည်နှင့် အခိုင်အမာလက်တွဲသလိုလိုနှင့် သူမကို အယုံသွင်းကာ အခြားစစ်ခေါင်းဆောင်များဖြစ်သော ဦးသိန်းစိန်၊ ဦးသိန်းစိုး တို့နှင့် အတူ လုပ်ဇာတ်ခင်းခဲ့သူမှာ သူရဦးရွှေမန်းဖြစ်သည်။ သူမထောင်ထဲရောက်နေချိန်တွင် သူရဦးရွှေမန်းသည် သူမ၏ အနီးတွင်မရှိတော့။ ဖမ်းဆီးတရားစွဲဆိုခံရသူများ စာရင်းတွင် မပါရှိခဲ့။ ဇာတ်မြုပ်သွားခဲ့သည်။ စစ်အာဏာရှင်ထိပ်သီးများက ပေးအပ်ခဲ့သည့် ၎င်း၏တာဝန်ကို ထမ်းဆောင်ပြီးနောက် အေးအေးလူလူ အနားယူနေပုံရှိသည်။ လွှတ်တော်၏ အထက်တွင်မိုးကောင်းကင်ဘဲ ရှိကြောင်းကြွေးကြော်ကာ လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်၏ အစို့အညှောင့်ကလေးကို အဓိက ရိုက်ချိုးပြခဲ့သူမှာ သူရဦးရွှေမန်းဖြစ်သည်။ လူအများမြင်ကွင်းမှ ပျောက်ကွယ်နေခဲ့ရာမှ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသည့် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဖိတ်ကြားခံရရာမှတဆင့် တဖန်ပြန်ပေါ်လာသည်။

တိုင်းပြည်ယန္တရားနှင့် တိုင်းပြည်အဆောက်အအုံများ ဖွဲ့စည်း၊ ပေါ်ပေါက်၊ တည်ရှိ၊ လည်ပတ်လို ပါက ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေများ ရှိမှသာ အောင်မြင်နိုင်ပါမည်။

## ၅။ လူ့အဖွဲ့အစည်းက ဥပဒေကို လွှမ်းမိုးခဲ့မှု၏ နောက်ဆက်တွဲ သက်ရောက်မှုများ

တာဝန်ခံမှုကို ရှာဖွေမှု အားနည်းခြင်း၊ စစ်အာဏာရှင်တို့၏နိုင်ငံရေးကြွေးကြော်သံကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ ခိုင်မာသည့်အခြေခံမှုအဖြစ်လက်ခံခဲ့ခြင်း၊[3] မည်သည့်အရာမှန်း အတိအကျမသိရသော အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ကျင့်သုံးခဲ့ခြင်းနှင့် သူရဲကောင်းဝါဒတို့သည် လူ့အဖွဲ့အစည်းတွင် ခြုံလွှမ်းခဲ့၊ ခြုံလွှမ်းဆဲ ဖြစ်သည်။ ယင်းအကြောင်းတရားများ စက်ဝိုင်းလိုလည်ပတ်ခဲ့သည့် လူ့အဖွဲ့အစည်းက ဥပဒေကို ကြီးမားစွာလွှမ်းမိုးခဲ့သည်။ ယင်းတွင် နှစ်ပိုင်းရှိသည်။

ပထမတပိုင်းမှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သည်။ လူထု၏ အခြေခံအခွင့်အရေးများအား ရုပ်သိမ်း၊ အစိုးရ၏ အာဏာကိုလွန်မင်းစွာတိုးချဲ့၊ ဥပဒေစိုးမိုးရေးအခြေခံကို ဖျက်ဆီးလည်ပတ်သည့် တိုင်းပြည် ယန္တရား၊ တိုင်းပြည်အဆောက်အအုံများနှင့် ဖွဲ့စည်းထားသည့် ၂၀၀၈ ဖွဲ့စည်းပုံပေါ်ပေါက်ခဲ့သည်။ ၎င်းသည် လူ့အဖွဲ့အစည်း၏ အရေးပါသော အခန်းကဏ္ဍများ (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပါအဝင် နိုင်ငံရေးလှုပ်ရှားမှုများ) အား ထိန်းချုပ်ထားခဲ့သည်။

ဒုတိယတပိုင်းမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရည်မှန်းပြီး စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသော နယ်စပ်နှင့် တိုင်းရင်းသားဒေသများအခြေပြု နိုင်ငံရေး၊ စစ်ရေး အင်အားစုများနှင့် ဆိုင်သည်။ ရှစ်လေးလုံးနောက်ပိုင်းမှနေ၍ ယနေ့ကာလအထိကာလကို ရည်ညွှန်းသည်။ ဖယ်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) များ ရေးဆွဲမှုကို အကြိမ်ပေါင်းများစွာ ကြိုးပမ်းခဲ့ကြသည်။ ကြိုးပမ်းနေကြဆဲလည်း ဖြစ်သည်။ သို့ရာတွင် ယင်းတို့အားလုံးမှာ စစ်အာဏာရှင်စနစ်ကို အပြုတ်တိုက်ပြီးနောက် ပေါ်ပေါက်လာမည့် ပြည်ထောင်စုသစ်တွင် လက်တွေ့ကျင့်သုံးရန် မြော်မှန်းရေးသား ခဲ့ကြခြင်းဖြစ်သည်။ ရေးသားနေကြဆဲလည်း ဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို တိုက်နေစဉ်မှာပင် လက်တွေ့ကျင့်သုံးရန် မဟုတ်။

သို့ဖြစ်၍ ဖွဲ့စည်းပုံများသည် မြေပြင်တွင်လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကို မထင်ဟပ်။ လက်တွေ့ပြဿနာများကို ဖြေရှင်းရာတွင် မပံ့ပိုးနိုင်။ မိမိတို့မျှော်မှန်းသော (သမိုင်းကြောင်းနှင့် လည်းကိုက်ညီ၊ မြန်မာနိုင်ငံနှင့်လည်း သင့်တော်သည့်) ဖက်ဒရယ်စနစ်၏ အုတ်မြစ်များကို လက်တွေ့မချမှတ်နိုင်။ စစ်အာဏာရှင်စနစ်ကို တိုက်နေစဉ်မှာပင် မိမိတို့အချင်းချင်းအကြားက အငြင်းပွားမှုများ၊ ပြည်နယ်တခုနှင့် အခြားတခု အကြားက အငြင်းပွားမှုများ၊ ပြည်နယ်တခုချင်းအတွင်းမှာပင် မတူသည့်အင်အားစုများအကြားက အငြင်းပွားမှုများတို့အား ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်ပြီးမရှင်းနိုင်။ ပြည်နယ်များအသီးသီးတွင်လည်းကောင်း၊ ဖက်ဒရယ်တွင်လည်းကောင်း လိုအပ်သည့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများ တည်ရှိမနေ ခြင်းကြောင့်ဖြစ်သည်။

---

[3] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၊ တို့တာဝန်အရေးသုံးပါး

ရှစ်လေးလုံးကာလမှစ၍ ယနေ့အချိန်အထိ နှစ်ပေါင်းသုံးဆယ်ကျော်အတွင်း နိုင်ငံရေး အင်အားစုများ ခုခံစစ်ဆင်အဖွဲ့အစည်း များအနေဖြင့် ဥပဒေ၏စွမ်းအားကို ထိရောက်စွာ အသုံးမပြုနိုင်ခဲ့။ အပေါ်ယံတန်ဘိုးထားမှု ပြကြခြင်းကများခဲ့သည်။ မြေပြင်တွင် တိုးတက်ဖြစ်ပေါ်နေသော အခြေအနေများအား ဥပဒေက လက်ပိုက်ကြည့်နေရသည်။

## ၆။ ဖက်ဒရယ်စနစ်အခြေခံမှနေ၍ စီးပွားရေး၊ ဘဏ္ဍာရေး ဆိုင်ရာအခွင့်အရေးများအား ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ကျင့်သုံးခြင်း

မြေပြင်တွင် တိုးတက်ဖြစ်ပေါ်နေသော အခြေအနေများဟုဆိုရာတွင် ခုခံစစ်ဆင်အဖွဲ့အစည်းများက မြေပြင်ကိုပို၍ ထိန်းချုပ်လာနိုင်ခြင်းကို ဆိုလိုသည်။ သာဓကအားဖြင့် တိုင်းရင်းသားပြည်နယ်များဖြစ်သော ရခိုင်၊ ကချင်၊ ကရင်၊ကရင်နီ၊ ချင်း၊ ရှမ်းပြည်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းတို့ ဖြစ်သည်။ ၎င်းတို့အားလုံးတွင် အိမ်နီးချင်း နိုင်ငံများအသီးသီးရှိနေကြသည်။ ယင်းအခြေအနေနောက်ခံတွင် ယခုမျက်မှောက်အချိန်မှာပင် ၎င်းတို့၏ ပြည်နယ်နှင့် တိုင်းများ အသီးသီးအနေဖြင့် ဘဏ္ဍာရေးအရ လွတ်လပ်စွာ၊ အမှီအခိုကင်းစွာ၊ တောင့်တင်းစွာ ရပ်တည်နိုင်ရေးမှာ အရေးကြီးလာသည်။

ယင်းကို ဖော်ဆောင်နိုင်ရန်မှာ သစ်တောတတောနှင့် သစ်တပင်ချင်း ဥပမာကဲ့သို့တခုလုံးနှင့် တခုချင်းကို ဆက်စပ်သုံးသပ်ရန်လိုအပ်သည်။ ပြည်ထောင်စုတခုလုံးနှင့် ပြည်နယ်တခုချင်းစီကို ရည်ညွှန်းသည်။ ပြည်ထောင်စုတခုလုံးရှိ တော်လှန်ရေးအား (တပ်ပေါင်းစုလိုလို၊ တပ်ပေါင်းစုနှင့် တဝက်တပျက်ပါ လီမန် (Defacto Parliament) တို့အား ပေါင်းစပ်ထားသလိုလို) ဖားတပိုင်း၊ ငါးတပိုင်း အနေအထားမျိုးနှင့် သွားလို့မရတော့။ တိုင်းပြည်တည်ဆောက်မှု (State Building) အဆင့်သို့ တက်ရပါတော့မည်။ လက်တွေ့အားဖြင့် ဆိုလိုသည်မှာ ပြည်နယ်များတွင်ရော၊ ဖက်ဒရယ် ပြည်ထောင်စုတွင်ပါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်ကို ဖွဲ့စည်းတည်ထောင်သွားကြရန်ဖြစ်သည်။

အဆိုပါ မဏ္ဍိုင်များသည် ပြည်ထောင်စုတခုလုံး သို့မဟုတ် လောလောဆယ်တွင် ပြည်ထောင်စု၏ ပြည်နယ်များအများစုနှင့် ပြည်နယ်များမှနေ၍ ဒေသန္တရအဆင့်အများအထိ လွှမ်းခြုံစေရမည် ဖြစ်သည်။ ယင်းသို့လွှမ်းခြုံရာတွင် အထက်မှ အောက်သို့ (Top Down) မဟုတ်၊ အောက်မှ အထက်သို့ (Bottom Up) မှုကို ကျင့်သုံးရန် လိုသည်။ တပြိုင်နက်တည်းတွင် ပြည်နယ်တခု နှင့် အိမ်နီးချင်း အခြားပြည်နယ်တခု (သို့ မဟုတ်) အများအကြား၊ ပြည်နယ်တခုချင်းစီအတွင်းမှာပင် ပြည်နယ်အဆင့် နှင့် ဒေသန္တရအဆင့်များအကြား စနစ်တကျ ဆက်စပ်မှုကို ရှာဖွေရပါမည်။ ယင်းသို့ဖော်ဆောင်ခြင်းဖြင့် ပြည်ထောင်စုတခုလုံးတွင် ယန္တရားကြီးတစုံကဲ့သို့ လက်တွေ့လည်ပတ်ပါမည်။ ယင်းကို အင်္ဂလိပ်ဘာသာဖြင့် (Functionality) ဟုခေါ်သည်။ ဤတွင် ဥပဒေ (အထူးသဖြင့် ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ)၏ အခန်းကဏ္ဍမှာ အရေးကြီးလာသည်။ ၎င်းကိုကိုင်ပြီး တရားဝင်မှုကိုရှာမှသာ နယ်စပ်ကုန်သွယ်ရေးအပါအဝင် အခြားအကြောင်းရပ်များအား အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် တရားဝင် ဆက်ဆံဆောင်ရွက်နိုင်ပါမည်။ ဤသည်မှာ ပထမအချက်ဖြစ်သည်။

ဒုတိယအချက်မှာ ဘဏ္ဍာရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဖွဲ့စည်းရာတွင် ပါဝင်သောပြည်နယ်တခုချင်းစီအသီးသီး၏ အကျိုးစီးပွားအခြေခံသက်သက်မှနေ၍ မစဉ်းစားသင့်ပါ။ ဖက်ဒရယ်အဆင့်တွင် အစိုးရအဆောက်အအုံ ယန္တရားတစုံလုံး၏ လည်ပတ်မှုအတွက် ဘဏ္ဍာငွေလိုပါမည်။ သာဓကအားဖြင့် ပြည်နယ်တခုချင်းစီ၏ ဘဏ္ဍာဝင်ငွေအားလုံးအနက် ၁၀ ပုံတပုံ သို့မဟုတ် ၁၀% ကို ဖက်ဒရယ်အဆင့်သို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။

တတိယအချက်မှာ ပြည်နယ်များ၏ အာဏာကြီးသုံးရပ်နှင့် အစိုးရယန္တရားများအား လည်ပတ်နိုင်ရေးအတွက် ဘဏ္ဍာငွေများရှာဖွေရာတွင် (မြေယာများနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ၊ စီးပွားရေးလုပ်ပိုင်ခွင့်များအပါအဝင်) လူထုများ၏ အခြေခံအခွင့်အရေးများအား မထိပါးစေရေးကို အာမခံရပါမည်။

စတုတ္ထအချက်မှာ အစိုးရအနေဖြင့် တိုးတက်ဖွံ့ဖြိုးရေးများလုပ်ဆောင်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးစေမှုများ မဖြစ်အောင် အာမခံရပါမည်။ (Sustainable Development)

ပဥ္စမအချက်မှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးစေရန် ရင်းနှီးမြှုပ်နှံခြင်းဖြစ်သည်။

အထက်ပါတို့အား ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းကျင့်သုံးခြင်းဖြင့် လူထုထောက်ခံမှုများရရှိပါမည်။ လူထုထောက်ခံမှု နောက်ခံဖြင့် မိမိတို့အစိုးရများ၏ တရားဝင်မှုကို ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများကိုင်စွဲ၍ နိုင်ငံတကာနှင့် ဆက်ဆံရှာဖွေသွားကြရန်ဖြစ်သည်။ အထက်ပါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အခွင့်အရေးများ[4] တို့နှင့် စပ်လျဉ်း၍ ဥပဒေအထောက်အကူပြုကွန်ရက်အနေဖြင့် လွန်ခဲ့သော သုံးနှစ်ကမူကြမ်း အဖြစ်အဆိုပြုတင်သွင်းခဲ့သည့် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ[5]ကို လေ့လာနိုင်ပါသည်။ သက်ဆိုင်သော ပုဒ်မများမှာ ၇၊ ၅၉ နှင့် ၆၀၊ ၆၂ မှ ၇၀ တို့ဖြစ်ပါသည်။

## ၇။ တရားမျှတသော ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးနိုင်ရေးအပေါ် ဦးတည်သည့် ဥပဒေစိုးမိုးရေးလမ်းကြောင်း

၁၉၆၂ ခုနှစ်မှစ၍ တိုင်းပြည်အာဏာကို ရယူခဲ့သော စစ်အာဏာရှင်အဆက်ဆက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်နှင့် အခြားဖိနှိပ်သော ဥပဒေအမျိုးမျိုးကို ပြဋ္ဌာန်းကာ နှစ်ပေါင်းခြောက်ဆယ်ကျော်အုပ်ချုပ်ခဲ့သည်။ ထို့ကြောင့်လူထုအများစုကြီးက ဥပဒေကို ဖိနှိပ်ရေးကိရိယာ တခုအဖြစ်သာ ရှုမြင်ကြသည်။ Generation – Z နောက်ဆုံးမျိုးဆက်ဟု ခံယူကာ စစ်အာဏာရှင်စနစ်ကို ရဲဝံ့ပြတ်သားစွာ နည်းပေါင်းစုံဖြင့် ဆန့်ကျင်တိုက်ပွဲဝင်ခဲ့၊ တိုက်ပွဲဝင်ဆဲ လူငယ်များကိုယ်တိုင်သည်ပင်လျှင် ဥပဒေအား ထိရောက်စွာ အသုံးချနိုင်ပါက ဝရဇိန်လက်နက်ကဲ့သို့ အစွမ်းထက်ကြောင်း သိမြင်၊ ခံယူ၊ ကျင့်သုံးမှု လွန်စွာအားနည်းလျက်ရှိသည်။

---

[4] Constitutional Rights

[5]Burmes: https://1drv.ms/b/s!ArJylaCWOTdhuhsgFRs61x5M-TuF?e=CK4rJV

Englis: https://1drv.ms/b/s!ArJylaCWOTdhuiB3oNVJ3dH8u9xO?e=uPBPaX

သာဓကအားဖြင့် စစ်ကောင်စီက ၎င်းတို့အာဏာတည်မြဲရေးအတွက် ပြည်သူ့စစ်မှုထမ်းဥပဒေအား အသုံးချနေပုံကို ကြည့်နိုင်သည်။ စစ်ခေါင်းဆောင်များက စစ်သားစုဆောင်းမှုကို လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် လူ့အဖွဲ့အစည်းအပေါ် သိသာသည့် ရိုက်ခတ်မှု မရှိခဲ့သလောက်ပင်။ ဥပဒေကို အသုံးပြု၍ အရပ်သားများအား စစ်သားအနေဖြင့် အသုံးချတိုက်ပွဲဝင်ခိုင်းရန် စုဆောင်းလိုက်သော အခါ ပြည်ထောင်စုတခုလုံးရှိ အရပ်သားလူထုအားလုံးနှင့် သက်ဆိုင်သည့် သဘောဆောင်သွားသည်။ အထက် ဆုံးမှနေ၍ အောက်ဆုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးရှိ အုပ်ချုပ်ရေးလုပ်ဆောင်နေသူများ အားလုံးက ထမ်းဆောင်ရမည့် တာဝန်ကဲ့သို့ဖြစ်သွားသည်။ တပြည်လုံးခြောက်ခြား တုန်လှုပ်သွားပါတော့သည်။ ယင်းမှာ တရားမဝင်သည့် ဥပဒေကိုမကောင်းသည့် ဘက်မှနေ၍ တလွဲအသုံးပြုသွားခြင်းဖြစ်သည်။

ဥပဒေကိုအကောင်းဘက်မှနေ၍ အသုံးချလျှင်လည်း ထို့ထက်ပို၍ပင် ထိရောက်နိုင်ပါသည်။ ပြည်ထောင်စုတခုလုံးကို လှုပ်ခတ်သွားရုံမက နိုင်ငံတကာ၏ အထင်ကြီး၊ လေးစား၊ တန်ဘိုးထား၊ အသိအမှတ် ပြုမှုများပါ ရရှိနိုင်ပါသည်။ ယင်းမှာစစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်လျက်ရှိကြသော နိုင်ငံရေး၊ စစ်ရေး အင်အားစုများအားလုံးက သက်ဆိုင်ရာပြည်နယ်များ အသီးသီးတွင်လည်းကောင်း၊ ဖက်ဒရယ်အဆင့် တွင်လည်းကောင်း၊ ကြားကာလဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေများအား အချင်းချင်းဆက်စပ်၊ ညှိနှိုင်း၊ တိုင်ပင်ကာ ရေးဆွဲကျင့်သုံးသွားကြရန် လမ်းကြောင်းကို လျှောက်လှမ်းခြင်းဖြစ်သည်။

ယင်းသို့သော နောက်ခံအခြေအနေများတွင် ချင်းပြည်နယ်၏ တော်လှန်ရေးကာလ (ဥပဒေသဘော အရကြားကာလ) ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် ပေါ်ပေါက်လာခဲ့သည်။ ယင်းကိုအကြောင်းပြု၍ ဖြစ်ပွားလာ သည့်နိုင်ငံရေးပဋိပက္ခများအား မှန်ကန်စွာဖြေရှင်းနိုင်ပါက စစ်အာဏာရှင်စနစ် မုချကျဆုံးရေးကို အထောက် အပံ့ဖြစ်ပါမည်။ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများ ဆင့်ကဲပေါ်ပေါက်လာခြင်းဖြင့် ဖက်ဒရယ်လမ်း ကြောင်းရှင်းသွားသောကြောင့် ဖြစ်သည်။ ဖက်ဒရယ်အဆင့်မှနေ၍ (သို့မဟုတ်) ဖက်ဒရယ်ဗဟိုအဆင့်ကို အရောင်ပြ၍ တင်းကြပ်သည့်ဗဟိုချုပ်ကိုင်မှုများ ကျင့်သုံးခွင့်မရှိတော့။ ဗဟိုချုပ်ကိုင်မှု ကင်းမဲ့နေခြင်းလည်း မဟုတ်။ ပြည်နယ်ကိုယ်စားလှယ်များကပင် ဖက်ဒရယ်ဗဟိုတွင် နေရာယူခြင်းဖြင့် သင့်တင့်လျောက်ပတ်သော ဗဟိုချုပ်ကိုင်မှုက အစားထိုးနေရာဝင်ယူလာပါမည်။

အကျိုးဆက်အနေဖြင့် ဒီမိုကရေစီသည် တော်လှန်ရေး၊ နိုင်ငံရေးမျက်နှာစာသို့ တက်လာနိုင်သည်။ CDM ငြိမ်းချမ်းသော လူထုဆန္ဒထုတ်ဖော်မှုကြီးများနောက်ခံဖြင့် ပေါ်ပေါက်၊ ဖွဲ့စည်း၊ လှုပ်ရှား၊ ဆန့်ကျင်တိုက်ပွဲ ဝင်လျက်ရှိသော လူထုအသင်းအဖွဲ့များ၊ စစ်ရေးအင်အားစုများ၊ PDFs များတို့၏ နိုင်ငံရေးအသံနှင့် ကိုယ်စား ပြုမှုများ နည်းလမ်းတကျ ပေါ်ထွက်လာနိုင်သည်။

ဥပဒေစိုးမိုးရေးသည် ပြည်နယ်များအသီးသီးတွင်သာမက၊ ဒေသန္တရများတွင်ပါရှင်သန်လာပါမည်။ အဓိက နိုင်ငံရေး၊ စစ်ရေး အင်အားစုများအားလုံးသည် ဥပဒေစိုးမိုးရေးလမ်းကြောင်းပေါ်သို့ တက်ရန်အချိန် ရောက်ပါပြီ။

ယင်းလမ်းကြောင်းအပေါ် လျှောက်လှမ်းကြမည်ဆိုပါက ဆန့်တငင်ငင်ဖြစ်နေသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်းကို အခြေပြု၍ ပြဋ္ဌာန်းထားသော မတရားဥပဒေများအားလုံးကို သမိုင်းအမှိုက်ခြင်းထဲသို့ ပစ်သွင်းလိုက်နိုင်ပါမည်။ တရားမျှတသောဥပဒေများ ပေါ်ထွက်လာပါမည်။ လူ့အခွင့်အရေးများ ခံစားနိုင်ရုံသာမက ငြိမ်းချမ်း၊ တည်ငြိမ်၊ ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအား ထိရောက်စွာ အကျိုးပြုနိုင်ပါမည်။ ယင်းရလဒ်များအား ညီညွတ်ရေးရှိမှ ခံစားနိုင်ပါမည်။ ညီညွတ်ရေးအား ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ တည်ဆောက်ရန်လိုအပ်လာသည်။

## ၈။ ဥပဒေစိုးမိုးရေးအခြေခံအရ ညီညွတ်ရေးကို ဘယ်လိုဖော်ဆောင်မလဲ။

ဥပဒေစိုးမိုးရေး၏အခြေခံမှာ တာဝန်ခံမှုကိုရှာဖွေခြင်းဖြစ်သည်။ (Seeking Accountability) ဟု ခေါ်သည်။ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးရမည်ဟူသည်မှာ တာဝန်ခံမှုကို ရှာဖွေခြင်းဖြစ်သည်။ (Substantive Justice) ဖြစ်သည်။ တာဝန်ခံမှုကို ဘယ်လိုရှာဖွေမလဲဟူသည်မှာ နည်းလမ်းအသေးစိတ်၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကျင့်သုံးခြင်းဖြစ်သည်။ (Procedural Justice) ဖြစ်သည်။

မင်းအောင်လှိုင်ခေါင်းဆောင်သည့် စစ်အာဏာရှင်တစုသည် ပြည်တွင်းဥပဒေ၊ နိုင်ငံတကာဥပဒေများကို ချိုးဖောက်ကျူးလွန်နေကြသည့် ရာဇဝတ်ကောင်များဖြစ်သည်။ ၎င်းတို့ကို ခုခံတိုက်ပွဲဝင်ရာတွင် စစ်ပန်းသည့်အခြေအနေ တရပ်ပေါ်ပေါက်လာပြီး၊ မလွှဲမရှောင်သာသော အခြားအကြောင်းတရပ်ရပ်ကြောင့် ယာယီအပစ်အခတ်ရပ်စဲကြခြင်းကို နားလည်နိုင်ပါသည်။ သို့ရာတွင် ၎င်းတို့နှင့် နိုင်ငံရေးအရဆွေးနွေးကာ ငြိမ်းချမ်းစွာဖြင့် တိုင်းပြည်အာဏာကို လွှဲပြောင်းရယူသွားမည်ဟူသည်မှာ တာဝန်ခံမှုကို ရှာဖွေခြင်းအား ငြင်းပယ်လိုက်ခြင်းဖြစ်သည်။ ဥပဒေစိုးမိုးရေးကို ဥပက္ခာပြုလိုက်ခြင်းဖြစ်သည်။

တာဝန်ခံမှုကိုငြင်းပယ်၊ ဥပဒေစိုးမိုးရေးကို ဥပက္ခာပြုလိုက်လျှင် နောက်ထပ်အလားတူ သို့မဟုတ် ထို့ထက်ပို၍ ဆိုးဝါးသောပြစ်မှုကြီးများကို ကျူးလွန်ပါတော့မည်။ လက်တွေ့သာဓကအနေဖြင့် စစ်မှုထမ်းဥပဒေ (၂၀၁၀) ကို တရားမဝင်အသုံးချပြီး စစ်သားစုဆောင်းနေခြင်းအား တွေ့နိုင်သည်။ အကျိုးဆက်အနေ ဖြင့် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်နေသော အင်အားစုများအကြားတွင် ညီညွတ်ရေးပြိုကွဲမှုများ ဖြစ်သွားနိုင်သည်။ စစ်အာဏာရှင်စနစ်ကို ချော့ပေါင်း၊ မျက်နှာချိုသွေးကာ၊ ထွက်ပေါက်ပေးလိုသော အင်အားစုများက တဘက်ဖြစ်သည်။ စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသားဆန့်ကျင်၊ တိုက်ပွဲဝင်လိုသောအင်အားစုများက တဘက်ဖြစ်သည်။ ယင်းပြဿနာကို နိုင်ငံရေးအရ ကိုယ်မြင်သလို ရပ်တည်ပြောဆိုနေကြပါမူ အဖြေကို မရနိုင်ပါ။

ဥပဒေစိုးမိုးရေးအခြေခံကို မှန်မှန်ကန်ကန်စဉ်းစားနိုင်လျှင် အဖြေမှာရှင်းနေပါသည်။ နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားသည့်ဥပဒေ၊ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာပြစ်မှုဆိုင်ရာဥပဒေ၊ နိုင်ငံတကာဥပဒေစံထားချက်အမျိုးမျိုးကို ဆန့်ကျင်ချိုးဖောက် ကျူးလွန်နေသော စစ်ကောင်စီနှင့် ၎င်း၏လက်အောက်ခံ အသီးသီးအပေါ် တာဝန်ခံမှုကို ရှာဖွေကြရပါမည်။ နိုင်ငံတကာနှင့်

ပြည်တွင်းတရားရုံးအသီးသီးသို့ တင်ရပါမည်။ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသူများအားလုံးကို အပြစ်ပေးရပါမည်။ ဤရှင်းလင်းသည့် ရပ်တည်ချက်အား တကမ္ဘာလုံးကြားသိစေရပါမည်။

ယင်းသို့ဖော်ဆောင်ခြင်းအားဖြင့် စစ်ကောင်စီ၏ ဖိနှိပ်၊ သတ်ဖြတ်၊ ရက်စက်မှုအမျိုးမျိုးကိုခံခဲ့ကြ၊ ခံနေကြရဆဲ ပြည်သူလူထု (Victims) များအတွက် တရားမျှတမှုကို ရှာဖွေရာလည်းရောက်ပါမည်။ ဤသို့ရှင်းလင်းစွာ စဉ်းစား၊ ရပ်တည်၊ ထောက်ပြနိုင်လျှင် သုံးနှစ်ကြာခဲ့ပြီဖြစ်သော်လည်း အလုပ်မဖြစ်သည့် အာဆီယံလမ်းကြောင်းကိုပါ တည့်မတ်နိုင်ပါမည်။ ပြည်တွင်းသာမက နိုင်ငံတကာ အင်အားစုများနှင့်ပါ ညီညွတ်ရေးကို ရှာနိုင်ပါမည်။ ယင်းသို့သော ညီညွတ်ရေးရလဒ်များ ပေါ်ပေါက်ရန်မှာ တဖွဲ့ကောင်း၊ တယောက်ကောင်းဖြင့် မရနိုင်ပါ။ တိုင်းရင်းသားပြည်နယ်များ အများစု၊ တဦးချင်းပြည်သူလူထု အများစုကြီးက တခဲနက် ရပ်တည်၊ တောင်းဆို၊ ထုတ်ဖော်ကြဘို့လိုပါမည်။

ဥပဒေစိုးမိုးအခြေခံဖြင့် တာဝန်ခံမှုကို ဖော်ဆောင်သည့်လမ်းကြောင်းအား ခိုင်ခိုင်မာမာ လျှောက်လှမ်းမည်ဆိုပါက လူ့အခွင့်အရေးကို ဦးတည်ကာဖက်ဒရယ်၊ ဒီမိုကရေစီတည်ဆောက်လိုသော ပြည်တွင်းရှိအင်အားစုများအတွင်း ညီညွတ်ရေးကို မုချရရှိပါမည်။ ထို့မျှသာမက ဥပဒေစိုးမိုးအခြေခံဖြင့် လူ့အခွင့်အရေးကို ဖော်ဆောင် ကျင့်သုံးလျက်ရှိသော နိုင်ငံတကာနိုင်ငံများ၊ အဖွဲ့အစည်းများ၊ အင်အားစုများနှင့်ပါ ကျယ်ပြန့်သည့် ညီညွတ်ရေးကို တည်ဆောက်နိုင်ပါမည်။

## ၉။ ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ လူ့အခွင့်အရေးကို ဦးတည်ခြင်း။ လူ့အဖွဲ့အစည်း၏အရွေ့နှင့် ဥပဒေကို မှန်ကန်စွာပေါင်းစပ်ကျင့်သုံးရန်လိုအပ်ခြင်း။

စစ်ကောင်စီကို တိုက်နေစဉ်မှာပင် ခုခံတော်လှန်သည့် နိုင်ငံရေး၊ စစ်ရေးအင်အားစုများ အတွင်းတွင် ညီညွတ်ရေးကို မည်ကဲ့သို့ရှာဖွေမည်နည်းဟူသည်မှာ ရှေ့တန်းရောက်လာသည့် နိုင်ငံရေးပြဿနာဖြစ်လာသည်။ ဤသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းကဏ္ဍနှင့် ဆက်စပ်စဉ်းစားရပါမည်။ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံရေးနှင့်ဥပဒေကို ပေါင်းစပ်သည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထု၏အခြေခံအခွင့်အရေးများကို အာမခံ၊ အစိုးရ၏အာဏာကို ကန့်သတ်သည်။ ယင်းနောက်ခံမှနေ၍ တိုင်းပြည်အုပ်ချုပ်မှုယန္တရားနှင့် အဆောက်အအုံများ တည်ထောင်လည်ပတ်ခြင်းဖြင့် ဥပဒေစိုးမိုးရေးအုတ်မြစ်ကို ချမှတ်ခြင်းကြောင့်ဖြစ်သည်။ ဤအခြေခံများနှင့် ပြောင်းပြန်ဖြစ်စေလျှင်မူ အုပ်ချုပ်မှုယန္တရားများသည် ဖိနှိပ်မှုကို ဦးတည်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ညီညွတ်မှုနှင့် ငြိမ်းချမ်းမှုကို ဖော်ဆောင်နိုင်မည်မဟုတ်။ အာဏာရှင်စနစ်အား တနည်းတဖုံကျင့်သုံးရာသာ ရောက်ပါမည်။ မြန်မာနိုင်ငံတွင် ပေါ်ခဲ့သည့် ၁၉၇၄ နှင့် ၂၀၀၈ ဖွဲ့စည်းပုံများကို ပြန်လည်လေ့လာနိုင်ပါသည်။

ညီညွတ်မှုနှင့်ငြိမ်းချမ်းမှုကို ဦးတည်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများ ပြည်နယ်များ အသီးသီးတွင်လည်းကောင်း၊ ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင်လည်းကောင်း ပေါ်ပေါက်လာရေး ကြိုးပမ်းကြရမည်ဖြစ်သည်။ ယင်းသို့ကြိုးပမ်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ် (Process) နှင့် ဖွဲ့စည်းပုံ

အခြေခံဥပဒေ၏အနှစ်သာရ (Substance) နှစ်ရပ်လုံးက အရေးကြီးပါသည်။ ရေးဆွဲရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အားလုံးပါဝင်ရေးဆိုသည်မှာ နိုင်ငံရေးကြွေးကြော်သံသာဖြစ်သည်။ လက်တွေ့မဖြစ်နိုင်ပါ။ ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေများ ပေါ်ပေါက်လာရေးတွင် စစ်အာဏာရှင်စနစ်နှင့် စစ်ကောင်စီကို ပြတ်ပြတ်သားသား ဆန့်ကျင်၊ တိုက်ပွဲဝင်လျက်ရှိသော နိုင်ငံရေး၊ စစ်ရေးအင်အားစုများအနက် အများစုကြီး ပါဝင်ရေးဆိုလျှင်မူ သဘာဝကျ၊ လက်တွေ့အောင်မြင်နိုင်ပါမည်။

ထို့အပြင်အောက်ခြေမှအထက်သို့ (Bottom-up) ဖော်ဆောင်သည့် လုပ်ငန်းစဉ်မျိုးဖြစ်ရပါမည်။ ယင်းမှာ ပြည်နယ်တခုချင်းစီအတွင်းတွင် ပြည်နယ်များကို စုဖွဲ့ထားသည့် ခရိုင်၊ မြို့နယ်များမှာ အောက်ခြေဖြစ်ပါသည်။ ဒေသန္တရများအနေဖြင့် နားလည်နိုင်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စု တခုလုံးတွင် ပြည်ထောင်စု စုဖွဲ့ရာတွင် ပါဝင်သည့် ပြည်နယ်များ (ယူနစ်များ) က အောက်ခြေဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ် ကာလသုံးပါးကို လွှမ်းခြုံရပါသည်။ မြန်မာနိုင်ငံ၏ အနီးခေတ် သမိုင်းကြောင်းကို ပြန်ကြည့်လျှင် နှစ်ပိုင်းရှိသည်။ ပထမပိုင်းမှာ ၁၉၄၇ ခုနှစ် ပင်လုံ စာချုပ်ပေါ်လာပြီးနောက်ပိုင်းဖြစ်သည်။ ဒုတိယပိုင်းမှာ ၁၉၉၀ မေလ ရွေးကောက်ပွဲ နောက်ပိုင်းဖြစ်သည်။ ယင်းနှစ်ပိုင်းလုံးတွင် ဖက်ဒရယ်စနစ် ပေါ်ပေါက်ရေးကြိုးပမ်းမှုများ (Federalization)အား နှိုင်းယှဉ်လေ့လာ၊ ဆက်စပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအား ရှာဖွေ၊ အားနည်းချက်များအား ပယ်ရှားနိုင်လျှင် ပြည်ထောင်စုသည် ဖက်ဒရယ်၊ ဒီမိုကရေစီအခြေခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လွတ်လပ်မှု၊ ညီညွတ်မှု၊ တရားမျှတမှုနှင့် ငြိမ်းချမ်းမှု တန်ဘိုးတို့ကို ရှာဖွေနိုင်ပါမည်။ ဥပဒေစိုးမိုးရေး အခြေခံတွင် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ များဖြင့် တိုင်းပြည်ယန္တရားများတည်ဆောက်မှု (State Building) အဆင့်ကို တက်မှသာ ဖြစ်နိုင်ပါမည်။

## ၁၀။ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများဖြင့် တိုင်းပြည်ယန္တရားများကို ဘယ်လိုပေါ်ထွန်းလာအောင် လုပ်မလဲ။

ဥပဒေစိုးမိုးရေးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှနေ၍ မတည်ဆောက်နိုင်ကြောင်း အနီးခေတ်သမိုင်းက အတိအလင်း သက်သေပြခဲ့ပါပြီ။ လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်ပြီး လိုအပ်သော အရင်းအမြစ်များ ဖြည့်ဆည်းခံရသည့် တရားစီရင်ရေးကို မဏ္ဍိုင်ပြုထားသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်များဖြင့် တည်ဆောက်မှသာ ရနိုင်ပါမည်။

ဤတွင် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေများ ပြည်နယ်များတွင်လည်းကောင်း၊ ဖက်ဒရယ်အဆင့် တွင် လည်းကောင်း အမြန်ဆုံးပေါ်လာရေးမှာ ရှေ့တန်းရောက်လာသည်။ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ဖြင့် သွားနေကြသမျှကာလပတ်လုံး ပန်းတိုင်ရောက်ရန် အခက်အခဲလွန်မင်းစွာ ကြီးမားပါလိမ့်မည်။ လှေပေါက် ကြီးနှင့် သမုဒ္ဒရာပြင်ကျယ်ကို ကူးဖြတ်ရန် ကြိုးပမ်းနေကြသူများကဲ့သို့ ဖြစ်နေသည်။ အောက်ပါအကြောင်းများ ကြောင့်ဖြစ်သည်။

၁။ ပဋိညာဉ်သည် နိုင်ငံရေးသဘောတူညီချက်မျှသာ ဖြစ်သည်။ ဥပဒေမဟုတ်သဖြင့် စည်းနှောင်အားမရှိ။ မည်သည့်ပြည်တွင်းတရားရုံးသို့မျှ တင်သွင်းအရေးဆိုနိုင်ခွင့်မရှိ။

၂။ ပဋိညာဉ်အစိတ်အပိုင်း (၁) တွင် တန်ဘိုးထားလောက်သည့် ပြဋ္ဌာန်းချက်အချို့ပါရှိသော်လည်း များသောအားဖြင့် တိကျမှုမရှိ။ အဓိပ္ပါယ် အမျိုးမျိုးဖွင့်ဆိုနိုင်သည့် ဝေါဟာရများဖြင့် လွှမ်းခြုံနေသည်။

၃။ ပဋိညာဉ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရင်းခံစနစ်ကို ဖော်ပြထားသော်လည်း ၎င်းအရ အစိုးရအာဏာကို ကန့်သတ်ခြင်းအား တရားစီရင်ရေးနှင့် ဆက်စပ်၍ မည်သည့်ပြဋ္ဌာန်းချက်မျှ မပါရှိ။ ပြောင်းပြန်ပင်၊ အစိုးရ၏အာဏာတိုးချဲ့ခွင့် ရစေမည့်အခြေခံကို ထည့်သွင်းထားသည်။ ပြည်ထောင်စု၏ အာဏာကြီးသုံးရပ်အား တည်ထောင်လည်ပတ်စေရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ (၁)တွင် ပါရှိသည့် (မှားယွင်းသည့်) ပြဋ္ဌာန်းချက်အား မိတ္တူကူးပြီးထည့်ထားခြင်းဖြစ်သည်။ (၁) လွတ်လပ်စွာပိုင်းခြားကျင့်သုံးခြင်းနှင့် (၂) အပြန်အလှန်ထိန်းကျောင်းခြင်း ရှိစေရမည်ဟူသည့် အချက်ဖြစ်သည်။

ယင်းနှစ်ချက်လုံးမှာ နိုင်ငံတကာစံထားချက်အရ မြန်မာနိုင်ငံအပေါ်သုံးသပ်လျှင် လွဲမှားနေသည်။ သမ္မတဦးဆောင်သောစနစ်ကို ကျင့်သုံးသော တိုင်းပြည်များတွင်သာ အာဏာကြီးသုံးရပ်ကို ပိုင်းခြားကျင့်သုံးကြသည်။ ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်စနစ်ကို ကျင့်သုံးသော တိုင်းပြည်များတွင် ဥပဒေပြုအာဏာနှင့် အုပ်ချုပ်ရေးအာဏာမှာ ရောယှက်နေသည်။ ပိုင်းခြားကျင့်သုံးခြင်းမရှိ။ ပဋိညာဉ်၏ အခြားတနေရာတွင် ဝန်ကြီးချုပ်ဦးဆောင်သော ပါလီမန်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ၎င်းအရ တိုင်းပြည်အာဏာကြီးသုံးရပ်တွင် နှစ်ရပ်ကို ပေါင်းစပ်ကျင့်သုံးရမည်ဖြစ်သည်။ သို့ဖြစ်၍ ပဋိညာဉ်၏ အရေးကြီးသည့်ကဏ္ဍတွင် ရှေ့နှင့်နောက်ဆန့်ကျင်ကွဲလွဲလျက်ရှိသည်။

ပို၍အရေးကြီးသည်မှာ အာဏာကြီးသုံးရပ်ကို အပြန်အလှန်ထိန်းကြောင်းခြင်း ဟူသောအချက်ဖြစ်သည်။ ယင်းမှာ အလွန်အမင်းစိုးရိမ်စရာကောင်းသော ဖော်ပြချက်ပင်။ တရားစီရင်ရေးအာဏာကို ထိန်းကြောင်းခြင်းဆိုသည်မှာ တရားစီရင်ရေး လွတ်လပ်မှုကို ထိပါးခြင်းဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပုဒ်မ ၁၁ ပုဒ်မခွဲ ၁ အရ အပြန်အလှန်ထိန်းကြောင်းခဲ့သည့် သာဓကကို သင်္ခန်းစာယူသင့်သည်။ ဥပဒေပြုလွှတ်တော်က တရားစီရင်ရေးအာဏာကို ထိန်းကြောင်းခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးရွှေမန်းတို့ ခေါင်းဆောင်သော ဥပဒေပြုလွှတ်တော်ကနေ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို အကြီးအကျယ်ဖိအားပေးခဲ့ကြသည်။ ခုံရုံးတရားသူကြီးကိုးဦးလုံး နုတ်ထွက်သွားခဲ့ကြရသည်။ ဤဖြစ်ရပ်အပေါ်မှ သင်္ခန်းစာယူသင့်ပါသည်။

၎င်းဖြစ်ရပ်နှင့်အတူ မြန်မာနိုင်ငံတွင် လွတ်လပ်သောတရားစီရေးဟူသောဝေါဟာရမှာ နိုင်ငံရေးခေါင်းဆောင်များအကြားတွင် ကွယ်ပျောက်သလောက် ဖြစ်သွားခဲ့သည်။ ယနေ့ကမ္ဘာတွင် အကောင်းဆုံးသော ဒီမိုကရေစီ နိုင်ငံကြီးများသည် တရားစီရင်ရေးအာဏာကို သီးသန့်ထားကြသည်။ တရားသူကြီးများ ကိုယ်ကျင့်တရားပျက်ပြားလျှင်ဖြစ်စေ၊ ၎င်းတို့ကိုယ်တိုင်က ဥပဒေကိုချိုးဖောက်လျှင်ဖြစ်စေ အရေးယူခံရသည်။ မစွမ်းဆောင်နိုင်တော့လျှင်လည်း အငြိမ်းစားယူခွင့်ပြုသည်။ သို့သော် တရားသူကြီးများက ဥပဒေနှင့်အညီ သူ့အလုပ်

သူလုပ်နေသမျှကာလပတ်လုံး တနည်းနည်းဝင်ရောက်စွက်ဖက်ခွင့်မရှိ။ ယင်းကို ဖွဲ့စည်းတည်ရှိမှုဆိုင်ရာ လွတ်လပ်ခွင့်[6] ဟုခေါ်သည်။ တရားစီရင်ရေးကသာ တရားစီရင်ရေးပိုင်းဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း အခွင့်အာဏာ[7] ကို အသုံးပြုလျက် အခြေခံအားဖြင့် နှစ်မျိုးဆောင်ရွက်သည်။ ပထမတမျိုးမှာ ဥပဒေပြုလွှတ်တော်က အတည်ပြုလိုက်သော ဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ပါက ပယ်ဖျက်သည်။ ဒုတိယတမျိုးမှာ အစိုးရ၏ ဆောင်ရွက်ချက်များအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီမညီကြပ်မတ်သည်။ ချုပ်လိုက်လျှင် တရားစီရင်ရေးအာဏာကသာ ကျန်အာဏာကြီးနှစ်ရပ်ကို ထိန်းကျောင်းသည်။ ပြောင်းပြန်မဟုတ်ပါ။

၄။ ပဋိညာဉ်ကိုကိုင်စွဲပြီး လူထုအနေ ဖြင့်ဖြစ်စေ၊ NUCC အနေဖြင့်ဖြစ်စေ၊ NUG အစိုးရ၏ (သို့မဟုတ်) သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ရှင်းရှင်းလင်းလင်းရှိမှု၊ တာဝန်ခံမှုတို့ကို လွန်ခဲ့သည့်သုံးနှစ်အတွင်း ရှာဖွေနိုင်ခဲ့ခြင်းမရှိပါ။

၅။ ပဋိညာဉ်တွင် တိုင်းပြည်ယန္တရားနှင့် အဆောက်အအုံများ မည်ကဲ့သို့လည်ပတ်ရမည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရင်းခံစနစ်အခြေခံမှ ရှင်းလင်းစွာနှင့် ပြည့်စုံစွာဖော်ပြမထားနိုင်သဖြင့် လက်တွေ့တွင် ရှုပ်ထွေးစွာ လည်ပတ်နေကြောင်းတွေ့ရသည်။

၆။ ပဋိညာဉ်တွင် ဖော်ပြပါရှိသော (တိုင်းပြည်ယန္တရားဟု မှတ်ယူနိုင်လောက်သည့်) စုဖွဲ့မှုများသည် မည်သည့်အရာမှန်းအတိအကျ မသိရ။ သာဓအားဖြင့် NUCC ။ ယင်းသည် တပ်ပေါင်းစုလား၊ လွှတ်တော်လား၊ မသိရ။ တပ်ပေါင်းစု မဟုတ်ပါ။ စစ်တပ်ရှိသော အဖွဲ့အစည်းများ၏ပါဝင်မှုမှာ အနည်းအကျဉ်းမျှသာရှိပြီး စစ်တပ်မရှိသော လူထုအသင်းအဖွဲ့များ၏ ပါဝင်မှုက အဓိကဖြစ်နေခြင်းကြောင့်ပင်။ လွှတ်တော်လည်း မဟုတ်ပါ။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကိုယ်တိုင်က NUCC သည် ဥပဒေပြုလွှတ်တော်ဖြစ်ကြောင်း ဖော်ပြမထားပါ။

အစိတ်အပိုင်း (၂) အခန်း (၅) တွင် **တိုင်ပင်ညှိနှိုင်းဆောင်ရွက်ရန်** ဟုသာဖော်ပြထားသည်။ အမည်ကိုက အတိုင်ပင်ခံကောင်စီလည်းဖြစ်သည်။ NUCC အမည်ကို ယခုအတိုင်းပင် ဆက်လက်ထားရှိပြီး ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာနှစ်ရပ်နှင့် ဆက်စပ်လျက် အတိုင်ပင်ခံကောင်စီအနေဖြင့် တိုင်းပြည်အဆောက်အအုံ တခုအဖြစ် တရားဝင်အသိအမှတ်ပြု ထည့်သွင်းထားသင့်သည်။ အများဆုံး အဖွဲ့ဝင်ဦးရေသုံးဆယ်ထက် မပိုသင့်ပါ။

NUCC ၏ အကြံပြုပိုင်ခွင့်ကို သက်ဆိုင်ရာ တိုင်းပြည်ယန္တရားများနှင့် ဆက်စပ်လျက် ပြဋ္ဌာန်းနိုင်သည်။ သို့ရာတွင် အားလုံးသဘောတူမှု (Consensus) ကိုတော့ ကျင့်သုံးခြင်းမပြုသင့်။ လူနည်းစုကလေးမျှကို ဗီတိုအာဏာပေးသည့် သဘောသက်ရောက်ခြင်းကြောင့် ဒီမိုကရေစီနှင့် ဆန့်ကျင်သည်။ အကြံပေးကောင်စီအနေဖြင့် ထမ်းဆောင်ခြင်းမှာ လုပ်ပိုင်ခွင့်အားနည်းသည်ဟုယူဆကြသူ လက်ရှိ NUCC အဖွဲ့ဝင်များသည်

[6] Institutional Independence

[7] Judicial Review

သက်ဆိုင်ရာပြည်နယ်များ ဆက်သွယ်၊ ပူးပေါင်း၊ ဆောင်ရွက်ကာ ပြည်နယ်အခြေခံဖြင့် ပြည်နယ်အစိုးရများ တွင်လည်းကောင်း၊ ဖက်ဒရယ်အစိုးရတွင်လည်းကောင်း ပါဝင်ထမ်းဆောင်ခွင့် ရရန်ကြိုးပမ်းနိုင်ပါသည်။

ဤနောက်ခံများဖြင့် တော်လှန်ရေးကာလ ချင်းပြည်နယ်အတွင်းရှိ နိုင်ငံရေး၊ စစ်ရေးအင်အားစုများ ကြားက နိုင်ငံရေးပဋိပက္ခနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများအား လေ့လာသုံးသပ်တင်ပြ လိုက်ပါသည်။ ဤသုံးသပ်ချက်တွင် ချင်းပြည်နယ်အတွင်းရှိ မည်သည့်နိုင်ငံရေး၊ စစ်ရေးအင်အားစုများ ဘက်ကိုမျှ မလိုက်ပါ။ ဥပဒေစိုးမိုးအခြေခံမှုနေ၍ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုဦးတည်ကာ ဖွဲ့စည်းပုံအခြေခံဥပဒေ အရင်းခံစနစ်[8]ကို ကိုင်စွဲပြီး လက်လှမ်းမီသမျှ နိုင်ငံတကာအတွေ့အကြုံများအားကိုးကားလျက် ပြည်ထောင်စု တခုလုံးအကျိုးကို မျှော်ကိုးပြီးတင်ဆက်လိုက်ခြင်းဖြစ်ပါသည်။

**၁၁။ ချင်းပြည်၏ လက်ရှိနိုင်ငံရေးနှင့် စစ်ရေးအခြေအနေ။**

ချင်းပြည်သည် ၂၀၂၁ ခုနှစ် နွေဦးတော်လှန်ရေး၌ မတရားအကြမ်းဖက် ဖိနှိပ်အုပ်ချုပ်သော စစ်ကောင်စီအား မင်းတပ်မြို့မှစတင်၍ တူမီးလက်လုပ်သေနတ်ဖြင့် ပထမဆုံး စတင်တော်လှန်တိုက်ခိုက် ခဲ့သည့်ပြည်နယ် ဖြစ်သည်။ ထို့အပြင် ချင်းပြည်နှင့် ဆက်စပ်ဒေသများအတွင်းနေထိုင်ကြသည့် ချင်းမျိုးနွယ် စုများနှင့် ဒေသများကိုအစွဲပြု၍ ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့များ (Chinland Defence Force - CDF) အသီးသီးဖွဲ့စည်း[9]၍ ချင်းပြည်အတွင်း တပ်စွဲအခြေချထားသည့် စစ်ကောင်စီတပ်အများစုကို စုပေါင်းတွန်းလှန် တိုက်ထုတ်နိုင်ခဲ့ကြသည်။ ယင်းနောက်ခံမှုနေ၍ တော်လှန်ရေးကာလ၌ နိုင်ငံရေးအရ စုဖွဲ့မှုပိုမိုအားကောင်း စေရန်အတွက် CNF/CNA အပါအဝင် ပြည်တွင်းပြည်ပ ချင်းနိုင်ငံရေးအင်အားစုများနှင့် တော်လှန်ရေး အင်အားစုများစုပေါင်း၍ ကြားကာလချင်းအမျိုးသား အတိုင်ပင်ခံကောင်စီ (ICNCC) အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၃) ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ကြသည်။[10] ထို့အပြင် စစ်ဆင်ရေးအား ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် (Chinland Joint Defense Committee – CJDC)ကိုလည်း ၂၀၂၁ ခုနှစ်၊

---

[8] Constitutionalism

[9] CNO / CNDF (ချင်းအမျိုးသားအစည်းအရုံး / ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့) ၊ CDF – KKG (Kalay-Kabaw-Ganggaw – ကလေး၊ ကဘော်၊ ဂန့်ဂေါ)၊ CDF – Mindat (မင်းတပ်)၊ CDF – Kanpetlet (ကန်ပက်လက်)၊ CDF – Matupi (မတူပီ)၊ CDF Paletwa (ပလက်ဝ)၊ CDF – Hakha (ဟားခါး)၊ CDF – Tonzang (တွန်းဇံ)၊ CDF – Thantlang (ထန်တလန်)၊ ZFU /CDF – Zoland (Tedim / Tonzang) ဇိုနယ်မြေ (တီးတိန်/တွန်းဇံ)၊ CDF – Daai (ဒိုင်ရ်)၊ CDF – Mara (မရာ)၊ CDF – Zophei (ဇိုဖေ)၊ CDF – Zotung (ဇိုတုန်)၊ CDF – Lautu (လောက်တူ)၊ CDF – Hualngo (ဟွာလ်ငို)၊ CDF – CDM – SIYIN (စီရင်း) တို့ ဖြစ်ကြ၏။

[10] ထုတ်ပြန်ကြေညာချက်(၁/၂၀၂၁)၊ ကြားကာလ ချင်းအမျိုးသားအတိုင်ပင်ခံကောင်စီ (ICNCC)။ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့။ https://www.facebook.com/photo?fbid=103376615215558&set=pb.100067971220563.-2207520000

စက်တင်ဘာလ (၃၀) ရက်နေ့တွင် ဖွဲ့စည်းနိုင်ခဲ့သည်။[11]ယင်းသို့ စုဖွဲ့မှုအား အခြားပြည်နယ်များနှင့် လူထုတရပ်လုံးကပင် လေးစားအသိအမှတ်ပြုခဲ့ကြသည်။

သို့သော် ၂၀၂၃ ခုနှစ် ဧပြီလတွင် CNF/CNA သည် ICNCC ကနေ နုတ်ထွက်သွားခဲ့သည်။ ထိုအချိန်မှစ၍ ချင်းပြည်အတွင်းရှိ နိုင်ငံရေး၊ တော်လှန်ရေးအင်အားစုများကြား နိုင်ငံရေးပဋိပက္ခ စတင်ပေါ်ပေါက်လာခဲ့သည်။ ထို့အပြင် ချင်းပြည်တော်လှန်ရေးအင်အားစုများစုဖွဲ့ထားသည့် CJDC ကိုလည်း ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ (၁၈) ရက်နေ့တွင် အပြီးတိုင်ဖျက်သိမ်းလိုက်ခဲ့ကြသည်။ ယင်းပဋိပက္ခများနောက်ခံတွင် CNF/CNA သည် ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ အား ဦးဆောင်အတည်ပြုထုတ်ပြန်ပြီးနောက်၊ ချင်းပြည်ကောင်စီ၊ ချင်းပြည်အစိုးရတို့အား ဆက်လက်ဦးဆောင်ဖွဲ့စည်းခဲ့သည့်အတွက် ချင်းတော်လှန်ရေးအင်အားစု အများစုက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသည်။ ချင်းတော်လှန်ရေးအင်အားစု အချင်းချင်းကြားတွင် နိုင်ငံရေးပဋိပက္ခ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အားနည်းချက်များနှင့် အုပ်ချုပ်ရေးယန္တရားများ ချမှတ်ဖော်ဆောင်လာမှုအပေါ် အခြေခံ၍ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုအဆင့်အထိ တင်းမာသွားခဲ့သည်။

ဤပြဿနာသည် ချင်းတော်လှန်ရေးအင်အားစု အချင်းချင်းကြားက နိုင်ငံရေးအပေါ် အခြေခံသည့် ပဋိပက္ခဖြစ်သော်လည်း စစ်အာဏာရှင်စနစ် အမြစ်ပြတ်ချေမှုန်းရေးနှင့် ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းအား ထိခိုက်လာနိုင်ပါသည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအတွင်းရှိ တော်လှန်ရေးအင်အားစု အချင်းချင်းကြားက ပြဿနာရပ်များအား ဥပဒေစိုးမိုးရေးအခြေခံမှုနေ၍ ငြိမ်းချမ်းစွာချဉ်းကပ်ဖြေရှင်းသွားရန် လိုအပ်ပါမည်။ သို့ဖြစ်၍ ချင်းပြည်၏နိုင်ငံရေးပြဿနာနှင့် ချင်းပြည်ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အားနည်းချက် ပြဿနာများကိုလည်း သက်ဆိုင်ရာအင်အားစုအသီးသီးများကြားတွင် ဥပဒေစိုးမိုးရေး အခြေခံမှုနေ၍ ငြိမ်းချမ်းစွာဆွေးနွေးညှိနှိုင်း ဖြေရှင်းသွားသင့်ပါသည်။ သို့မှသာ **"အချုပ်အခြာအာဏာပိုင်တိုင်းရင်းသား ပြည်နယ်များကို အခြေခံ၍ ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စု"**ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

## ၁၂။ တော်လှန်ရေးကာလ ချင်းပြည် (Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ ခုနှစ်၏ ရေးဆွဲအတည်ပြုရေးဖြစ်စဉ်နှင့် အနှစ်သာရတို့အပေါ် လေ့လာသုံးသပ်ခြင်း။

လက်ရှိတော်လှန်ရေးကာလ၌ ချင်းပြည်နယ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေစိုးမိုးရေးအခြေခံများ ချမှတ်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းခဲ့ကြသည့် ပြည်တွင်းပြည်ပ ချင်းနိုင်ငံရေးအင်အားစုများနှင့် တော်လှန်ရေးအင်အားစုများအား အသိအမှတ်ပြုရပါမည်။ ယင်းနောက်ခံမှုနေ၍ ချင်းပြည်ဖွဲ့စည်းပုံ ၂၀၂၃ခုနှစ်အား အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည့်အတွက် သမိုင်းမှတ်ကျောက်တင်ရမည့် နိုင်ငံရေးအရွေ့တခုအဖြစ် အသိအမှတ်ပြုကြိုဆိုပါသည်။

[11] ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ချင်းပြည်ကာကွယ်ရေးတပ်ဖွဲ့ ၁၆ ဖွဲ့နှင့် CNF/CNA တို့ ပူးပေါင်းပြီး Chin land Joint defense Committee (CJDC) ကို စတင်ဖွဲ့စည်းခဲ့ကြသည်။

သို့သော် ချင်းပြည်အတွင်းရှိ တော်လှန်ရေးအင်အားစုတချို့က "နိုင်ငံရေးဘုံသဘောတူညီချက် အရင်တည်ဆောက်ပြီးမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတူတကွရေးဆွဲလိုသော ဆန္ဒရှိကြောင်း"၊ ယခုအတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ရေးဆွဲရေးဖြစ်စဉ်တွင် အားနည်းချက်များရှိကြောင်းနှင့် ပြဋ္ဌာန်းချက် တချို့အားသဘောမတူကြောင်း တပြိုင်နက်တည်း ကန့်ကွက်ထုတ်ပြန်လာသည်ကို တွေ့ရသည်။[12] ယင်းကဲ့သို့သော သဘောထားကွဲလွဲမှုများ ပေါ်ပေါက်လာခြင်းသည် သဘာဝပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲအတည်ပြုရေးဖြစ်စဉ်၌ ထောက်ခံသူရှိသလို၊ ကွန့်ကွက်သူရှိနိုင်ပါသည်။ ဖြေရှင်း၍ မရနိုင်သော နိုင်ငံရေ ပြဿနာကြီးအဖြစ် မသတ်မှတ်စေလိုပေ။

တော်လှန်ရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုရေးဖြစ်စဉ်၌ ချင်းပြည်သူတရပ်လုံး၏ ပါဝင်ပတ်သက်မှုကို ရယူနိုင်ရန် အခက်အခဲများစွာရှိနိုင်သည်။ သို့သော် စစ်အာဏာရှင်စနစ်အား ဆန့်ကျင်တော်လှန်နေကြသည့် ချင်းလူမျိုးစုနှင့် ချင်းဒေသကိုအခြေပြု ဖွဲ့စည်းတည်ထောင်ထားသော တော်လှန်ရေးအင်အားစုများ၏ ပါဝင်ပတ်သက်မှုကို နည်းလမ်းတကျ အာမခံဖော်ဆောင်ပေးရန် လိုအပ်ပါသည်။ **အထူးသဖြင့် ၂၀၂၁ စစ်အာဏာသိမ်းပြီး ချင်းပြည်နယ်တွင် တူမီးသေနတ်ဖြင့် ပထမဆုံး စတင်ခုခံစစ်ဆင်သည့် အင်အားစုများဖြစ်နေပါက ၎င်းတို့၏ နိုင်ငံရေးအရ ကိုယ်စားပြုမှုအား ပို၍ပင်လမ်းဖွင့်ကြိုဆိုရပါမည်။ ချန်လှပ်ထားခြင်းမျိုး မဖြစ်သင့်ပေ။**

သို့ဖြစ်၍ ချင်းပြည်၏ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုရေးဖြစ်စဉ်တွင် အနိမ့်ဆုံးအားဖြင့် လူထုထောက်ခံမှုနှင့် နယ်မြေထိန်းချုပ် အုပ်ချုပ်ထားနိုင်သည့် တော်လှန်ရေးအင်အားစုများ (*De - facto*) အစုအဖွဲ့၊ ၂၀၂၀ ရွေးကောက်ခံကိုယ်စားလှယ်များ (*De-jure*) အစုအဖွဲ့များအပြင် သပိတ်အင်အားစုများ၊ CDM အင်အားစုများ၊ နိုင်ငံရေးပါတီများနှင့် လူထုအသင်းအဖွဲ့များ၏ ကိုယ်စားပြုပါဝင်ပတ်သက်မှုကို အခြေခံ၍ ရေးဆွဲအတည်ပြုသွားသင့်သည်။ ဤသည်မှာ နိုင်ငံရေးအရ ညီညွတ်မှုအား ဖော်ဆောင်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးဖြစ်စဉ် (Process) ရှုထောင့်မှ သုံးသပ်ခြင်း ဖြစ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရ (Substance) ရှုထောင့်မှ သုံးသပ်တင်ပြခြင်း

ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ခုနှစ်တွင် ကောင်းမွန်သည့် ပြဋ္ဌာန်းချက်များပါရှိသလို အားနည်းချက်များ၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲသည့်ပြဋ္ဌာန်းချက်များကိုလည်း တွေ့ရသည်။ သာဓကအနေဖြင့် ချင်းပြည်အတွင်းရှိ ပြည်သူလူထုသည် ချင်းပြည်အချုပ်အခြာအာဏာ၏ မူရင်းပိုင်ရှင်ဖြစ်သည်။[13] တော်လှန်ရေးကာလ ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ချင်းပြည်၏အမြင့်ဆုံးဥပဒေဖြစ်သည်။[14]

---

[12] ကြေညာချက်အမှတ် (၁/၂၀၂၄) လက်ရှိဖြစ်ပေါ်နေသော ချင်းနိုင်ငံရေး အခင်းအကျင်းအပေါ် ချင်းညီနောင်အဖွဲ့၏ သဘောထား ထုတ်ပြန်ချက်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၃) ရက်။ https://www.facebook.com/cnoheadquarters/posts/pfbid0aqo8zTegH6SMLoi9d4mgy4mdhu6KE43nkY8cMPBCn9Mw9dHb4vT9kS68oaQKQh3jl

[13] ချင်းပြည်(Chin land) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အခန်း (၁) အခြေခံမူများ၊ ပုဒ်မ ၁။

[14] ချင်းပြည်(Chin land) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အခန်း (၁) အခြေခံမူများ၊ ပုဒ်မ ၂။

ချင်းပြည်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးသည်။[15] ချင်းပြည်ကောင်စီအဖွဲ့ဝင်များနှင့် ချင်းပြည်အစိုးရ၏ သက်တမ်းအား (၂) နှစ် သတ်မှတ်ထားသည်။[16] အစရှိသည့်အချက်တို့သည် ကောင်းမွန်သည့်ပြဋ္ဌာန်းချက်များ ဖြစ်သည်။ ကောင်းမွန်သည့်အခြားပြဋ္ဌာန်းချက်များလည်းပါရှိသည်။

တပြိုင်နက်တည်းတွင် အားနည်းချက်များမြောက်များစွာကို တွေ့ရသည်။ ဖွဲ့စည်းပုံတွင်ထည့်သွင်းသင့်ပါလျက် မထည့်သွင်းသေးသည့်အကြောင်းရပ်များလည်း ရှိနေသည်။

ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ခုနှစ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရဖြစ်သော **"လူထု၏ အခွင့်အရေးများကို ကာကွယ်ပြဋ္ဌာန်း၍ အစိုးရ၏အခွင့်အာဏာအား ကန့်သတ်ရမည်"** ဟူသည့် အခြေခံနှင့် ဆန့်ကျင်နေသည်။ သာဓကအနေဖြင့် ပြည်နယ်သူ၊ ပြည်နယ်သားများ၏ အခြေခံအခွင့်အရေး များကို အခန်းတခန်းသီးသန့်ထည့်သွင်းကာ အတိအလင်းပြဋ္ဌာန်းထားခြင်းကို မတွေ့ရပေ။ အခြေခံအခွင့်အရေးမှန်သမျှအား ပြည်ထောင်စုတခုလုံး၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်သာ ထည့်သွင်းပြဋ္ဌာန်းမည်ဟု ရည်ရွယ်ခြင်းကြောင့် မထည့်ဘဲချန်လှပ်ထားခြင်းမျိုးလည်း ဖြစ်နိုင်သည်။ ထိုသို့ဖြစ်ပါမူ အနည်းဆုံးအားဖြင့် နိဒါန်းတွင် ဖော်ပြထားရပါမည်။ သို့ရာတွင် ယင်းကိုလည်း မတွေ့ရပေ။

အာဏာကြီးသုံးရပ်အား မည်ကဲ့သို့လည်ပတ်မည်နည်း။ ဥပဒေပြုအာဏာနှင့် အုပ်ချုပ်ရေးအာဏာတို့အားရောယှက်၍ဖြစ်စေ၊ ပိုင်းခြား၍ဖြစ်စေ ကျင့်သုံးနိုင်ပါသည်။ သို့ရာတွင် တရားစီရင်ရေးအာဏာကို မူအဆိုပါ အာဏာကြီး နှစ်ရပ်မှနေ၍ သီးခြားထားရှိကျင့်သုံးရပါမည်။ ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ၂၀၂၃ ခုနှစ်သည် ယင်းနှင့်ဆန့်ကျင်လျက်ရှိသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်၏ အထက်တွင်နေကာ ထိန်းချုပ်ခွင့်ရှိသည့် အာဏာအရှိဆုံးအစုအဖွဲ့အနေဖြင့် ချင်းပြည်ကောင်စီအားပုံဖော်သတ်မှတ်ပြဋ္ဌာန်းထားခြင်းကြောင့် ဖြစ်သည်။[17]

ယင်းမှာ တော်လှန်ရေးအပေါ်အကဲဖြတ်ပုံ မပြတ်သားသေးခြင်း၏ အသွင်လက္ခဏာဖြစ်သည်။ တပ်ပေါင်းစု စုဖွဲ့မှု (Alliance) ဖြင့် သွားမှာလား၊ တိုင်းပြည်တည်ဆောက်ပုံ (State Building) ကို ဖော်ဆောင်ကျင့်သုံးမည်လားဟူသည့်အပေါ် မရှင်းလင်းသေးခြင်းဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဖွဲ့စည်းပုံ၏အင်္ဂါရပ်နှင့် မညီသောဖွဲ့စည်းပုံ ဖြစ်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရင်းခံစနစ် (Constitutionalism) ကို မဖော်ဆောင်သည့်ဖွဲ့စည်းပုံ ဖြစ်နေသည်။ သို့ဖြစ်၍ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုကျင့်သုံး[18]သောအခါ ကောင်းကျိုးထက်ဆိုးကျိုးများနိုင်သည်။ ယင်းနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ၏အနေအထားနှင့် နှိုင်းယှဉ်စဉ်းစားသင့်ပါသည်။

[15] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ အခန်း (၁) အခြေခံမူများ၊ ပုဒ်မ ၁၉။

[16] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၆၆။

[17] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၃၂(ဃ)၊ ၄၂၊ ၄၃၊ ၅၀၊ ၆၁၊ ၆၄၊ ၈၃။

[18] The enforcement of constitution

အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ၁၇၈၈ ခုနှစ်တွင် အတည်ပြုခဲ့သည်။ ၂၃၆ နှစ်သက်တမ်းရှည်ကြာခဲ့ပါပြီ။ ၎င်းအားလူထုက ယခုအချိန်အထိ အဘယ်ကြောင့်အသက်ပေးကာကွယ်စောင့် ရှောက်ကြသနည်း။ ချစ်ခင်မြတ်နိုးကြ၊ ဂုဏ်ယူနေကြသနည်း။ ဖွဲ့စည်းပုံရေးဆွဲရာတွင် အခြေခံလူထုများ၊ ပြည်နယ်များ၏ ပါဝင်ပတ်သက်မှုကို ကျယ်ကျယ်ပြန့်ပြန့်ခွင့်ပြုခဲ့ခြင်းကြောင့် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရင်းခံစနစ်[19] အခြေခံအရ လူထု၏အခွင့်အရေးများကိုအာမခံပြီး အစိုးရ၏အာဏာကိုကန့်သတ်ထား သောကြောင့်ဖြစ်သည်။

ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြောင်းပြန်များဖြစ်နေသလား။ လူထု၏အခြေခံအခွင့်အရေး များကို ကန့်သတ်ထား သို့မဟုတ် ချုပ်ကိုင်ထားပြီး၊ အစိုးရအာဏာကို တိုးချဲ့ကျင့်သုံးရာများရောက်နေပြီလား။ သေချာစွာ ပြန်လည်လေ့လာသုံးသပ်သင့်ပါသည်။

၎င်း၏ ပုဒ်မ ၃၅ အရ ချင်းပြည်ကောင်စီ၏ သက်တမ်းကို တရားဝင်အစိုးရပေါ်လာသည့် အချိန်အထိ သတ်မှတ်ပြဋ္ဌာန်းထားသည်။[20] ထို့ကြောင့် ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရက်ပေါင်း ၆ဝ အတွင်း ဖွဲ့စည်းမည့် ချင်းပြည်လွှတ်တော်၊ ချင်းပြည်အစိုးရနှင့် ချင်းပြည်တရား လွှတ်တော်ချုပ်တို့သည် တရားမဝင် သေးသကဲ့သို့ ဖြစ်နေသည်။ ထို့အပြင် ချင်းပြည်လွှတ်တော်ကို ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲအနိုင်ရ ကိုယ်စားလှယ်များ *(De - Jure)* တခုတည်းဖြင့်သာ ဖွဲ့စည်းထားပြီး[21] ချင်းပြည်ကောင်စီကို တာဝန်ခံရခြင်း။[22] ချင်းပြည်အစိုးရအဖွဲ့ကို ဝန်ကြီးချုပ်ဦးဆောင်သော အစိုးရစနစ်ဖြင့် ဖွဲ့စည်းထားသော်လည်း အစိုးရအဖွဲ့သည် လွှတ်တော်ကို တာဝန်ခံစရာမလိုဘဲ ချင်းပြည်ကောင်စီကို တာဝန်ခံရခြင်း။[23] လွှတ်လပ်သည့် တရားစီရင်ရေး ဆိုင်ရာအခြေခံများကို လုံလောက်စွာ ပြဋ္ဌာန်းထားနိုင်ခြင်းမရှိသည့်အပြင် တရားသူကြီးချုပ်နှင့် တရားသူ ကြီးများသည် ချင်းပြည်ကောင်စီကို တာဝန်ခံရခြင်း[24] တို့ကိုတွေ့ရသည်။

သို့ဖြစ်၍ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးမည်ဆိုပါက တိုင်းပြည်ယန္တရား၊ တိုင်းပြည်အဆောက်အအုံများကြားတွင် ဖွဲ့စည်းတည်ရှိမှုဆိုင်ရာရှုပ်ထွေးမှု[25] ဖြစ်ပေါ်လာနိုင်ပါသည်။

---

[19] Constitutionalism

[20]ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၃၅။ ချင်းပြည် (Chin land) ကောင်စီ၏ သက်တမ်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ(Permanent Constitution) အရ တရားဝင်ရွေးကောက်ပွဲ ပြုလုပ်ပြီး အစိုးရတရပ်ပေါ်ပေါက်သည့် အချိန်အထိ ဖြစ်သည်။

[21] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၄၂။

[22] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၅၀။ ချင်းပြည်လွှတ်တော်သည် ချင်းပြည်ကောင်စီကို တာဝန်ခံ ရမည်။

[23] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၆၄။ ချင်းပြည်အစိုးရအဖွဲ့သည် ချင်းပြည်ကောင်စီကို တာဝန်ခံ ရမည်။

[24] ချင်းပြည်(Chinland) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပုဒ်မ ၈၃။ ချင်းပြည်တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် ချင်း ပြည်ကောင်စီကို တာဝန်ခံရမည်။

[25] Institutional Complication

**၁၃။ ဖက်ဒရယ်စနစ်ကို အုတ်မြစ်ချနေစဉ်တွင် ဒီမိုကရေစီအုပ်ချုပ်ရေးကျင့်စဉ်အား ဖော်ဆောင်ရန်လိုအပ်ခြင်း။**

လူ့သမိုင်းနောက်ခံမှနေ၍ ဆန်းစစ်လျှင် အစိုးရတရပ်၏အခြေခံနှင့် အဓိကကျဆုံးသော တာဝန်မှာ လူထု၏လုံခြုံမှုနှင့် လွတ်လပ်မှုအခွင့်အရေးကို ကာကွယ်ရန်ဖြစ်သည်။ ၁၂၁၅ ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံတွင် မဂ္ဂနာကာတာ စာချုပ်ပေါ်လာပြီး ဘုရင့်အာဏာကို စတင်ကန့်သတ်လာခဲ့သည်။ ထိုမှနေ၍ တဖြည်းဖြည်းနှင့် ကမ္ဘာတခွင်တွင် အစိုးရအာဏာကို ကန့်သတ်သည့်အခြေခံအားစာဖြင့်ရေးသားထားသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေများဖြင့်ကျင့်သုံးလာခဲ့ကြသည်။

သို့သော်မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရင်းခံစနစ်နှင့် ဆန့်ကျင်ကျင့်သုံးလာခဲ့သည်။ ယင်းမှာ လူထု၏ အခြေခံအခွင့်အရေးများအား ကြီးမားစွာကန့်သတ်ခြင်းနှင့် အစိုးရအာဏာအား အတောမသတ် ချဲ့ထွင်ကျင့်သုံးခြင်းဖြစ်သည်။ ယင်းသို့ ကျင့်သုံးမှုများမှနေ၍ သခ်ီန်းစာယူရပါမည်။ အလားတူကျင့်သုံးခြင်းမျိုး အလျဉ်းမပြုသင့်ပါ။ တော်လှန်ရေး ကာလ ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယင်းသဘောဆောင်နေသလားဟု စိုးရိမ်မိသည်။ ချင်းပြည် ကောင်စီသည် အာဏာကြီးသုံးရပ်၏ အထက်တွင်ရှိနေခြင်းကြောင့် ဖြစ်သည်။

(က) ချင်းပြည်နယ်၏ တော်လှန်ရေးကာလ ဖွဲ့စည်းပုံခြေခံဥပဒေနှင့်စပ်လျဉ်း၍ ရေးဆွဲအတည်ပြုမှု ဖြစ်စဉ်နှင့် အနှစ်သာရနှစ်ရပ်လုံးတွင် အားနည်းချက်များ ရှိနေကြောင်းတွေ့ရသည်။ သို့ဖြစ်၍ ဥပဒေစိုးမိုးရေး အခြေခံမှနေ၍ ဒီမိုကရေစီကျင့်စဉ်ကိုကျင့်သုံးပြီး အုပ်ချုပ်ရေးချမှတ်ဖော်ဆောင်ရန်မှာ အခက်အခဲကြီးမား လွန်းပါလိမ့်မည်။

လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်တွင် လူထု၏လူ့အခွင့်အရေးတရပ် ဖြစ်သည်။[26] ထို့ကြောင့် တရားမျှတသော ရွေးကောက်ပွဲများမှတဆင့် လူတိုင်းသည် မိမိတိုင်းပြည်၏ နိုင်ငံရေး ဖြစ်စဉ်တွင် မိမိကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်တင်မြှောက်လိုက်သည့် ကိုယ်စားလှယ်များမှတဆင့် ဖြစ်စေ ပါဝင်ဆောင်ရွက်နိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အာမခံချက်ပေးထားရမည်ဖြစ်သည်။

ရွေးကောက်ပွဲအား ကိုယ်စားပြုဒီမိုကရေစီစနစ်ထက် ဂျာမနီနိုင်ငံကဲ့သို့ အုပ်ချုပ်ရေးမှူးများကို လူထု ကတိုက်ရိုက်မဲပေးသည့်စနစ် (တိုက်ရိုက်ဒီမိုကရေစီ)ကို ကျင့်သုံးလျှင် ပိုမိုအကျိုးရှိနိုင်သည်။ လက်ရှိအချိန်တွင် ချင်းပြည်တခုလုံးအတိုင်းအတာဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပရန် မမျှော်လင့်နိုင်သေးပါ။ သို့ရာတွင် အတိုင်းအတာတခုအထိ လွတ်မြောက်ဒေသတချို့ကို ထိန်းချုပ်ထားနိုင်သည့်အတွက် ဒေသရွေးကောက်ပွဲ

[26] Article 21

1. Everyone has the right to take part in the government of his country, directly or through freely chosen representatives.
2. Everyone has the right of equal access to public service in his country.
3. The will of the people shall be the basis of the authority of government; this will shall be expressed in periodic and genuine elections which shall be by universal and equal suffrage and shall be held by secret vote or by equivalent free voting procedures.

များကို ပြုလုပ်နိုင်ပါသည်။ ဒေသန္တရအလိုက်၊ မြို့နယ်အလိုက် သက်ဆိုင်ရာလူထုက မိမိတို့ဒေသအုပ်ချုပ်ရေးမှူးများကို တိုက်ရိုက်ရွေးကောက်တင်မြှောက်နိုင်သည်။ ဒေသန္တရဒီမိုကရေစီအုပ်ချုပ်ရေးယန္တရားကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းကာ ကျင့်သုံးနိုင်ပါသည်။

(ခ) ဒီမိုကရေစီဟူသည်အား ဥပဒေစိုးမိုးရေးရှိမှသာ ကောင်းစွာဖော်ဆောင်နိုင်ပါမည်။ ဥပဒေစိုးမိုးမှုရှိနိုင်ရေးအတွက် လွတ်လပ်သည့် တရားစီရင်ရေး၏အခြေခံများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဌာန်းကျင့်သုံးရပါမည်။ လက်ရှိချင်းပြည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်သောတရားစီရင်ရေး၏ စံတန်ဘိုးများအား ဆန့်ကျင်ပြဌာန်းထားကြောင်း တွေ့ရသည်။ သာဓကအနေဖြင့် ချင်းပြည်ကောင်စီက ချင်းပြည်တရားလွှတ်တော်ချုပ်တို့ကို လမ်းညွှန်ချက်ပေးပိုင်ခွင့်[27]နှင့် တရားသူကြီးများကို ခန့်အပ်ပိုင်ခွင့်ပေးထားသည်။[28] ထို့အပြင် တရားသူကြီးချုပ်နှင့် တရားသူကြီးများသည် ချင်းပြည်ကောင်စီကို တာဝန်ခံရမည်ဟု ပြဌာန်းထားသည်။[29] ယင်းအရ တရားစီရင်ရေးယန္တရားတခုလုံးက ချင်းပြည်ကောင်စီ၏ လွှမ်းမိုးထိန်းချုပ်မှုအောက်တွင် ကျရောက်သွားသဖြင့် ချင်းပြည်နယ်အတွင်း ဥပဒေစိုးမိုးရေးကိုဖော်ဆောင်ရာတွင် အဟန့်အတားဖြစ်စေပါမည်။

လွတ်လပ်သည့်တရားစီရင်ရေး[30]ကို အထောက်အပံ့ဖြစ်စေရန်အလို့ငှာ ဖက်ဒရယ်ပြည်ထောင်စုအတွင်း၌ ကမ္ဘာပေါ်ရှိတရားစီရင်ရေးစနစ်နှစ်ခုအား ပေါင်းစပ်ကျင့်သုံးသည်ဖြစ်စေ၊ ဒွန်တွဲကျင့်သုံးသည်ဖြစ်စေ တရားရုံးအားလုံးအနေဖြင့် အောက်ပါတရားစီရင်ရေးဆိုင်ရာ စံတန်ဘိုးများကို နည်းလမ်းတကျလက်ခံကျင့်သုံးရန်လိုအပ်ပါသည်။ ၎င်းတို့မှာ ဖွဲ့စည်းမှုဆိုင်ရာလွတ်လပ်မှု[31]၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလွတ်လပ်မှု၊[32] တရားစီရင်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လွတ်လပ်မှု[33] တို့ဖြစ်သည်။ အစိုးရအာဏာပိုင်များက တရားသူကြီးများကို မတရားထုတ်ပယ်ခြင်းနှင့် လုပ်ခလစာလျှော့ချခြင်းတို့အား တားမြစ်ကာကွယ်ပေးသည်။[34] ဆက်လက်၍ တရားရုံးအားလုံးသည် တရားသူကြီးများထံ ခိုင်မာအားကောင်းသော လုပ်ပိုင်ခွင့်အာဏာများအပ်နှင်းထားခြင်း၊ လိုအပ်သောအရင်းအမြစ်နှင့် ဝန်ထမ်းများကို လုံလောက်စွာဖြည့်ဆည်းပေးထားခြင်း၊ ဥပဒေအရည်အချင်းနှင့် သမာဓိ၊ ဂုဏ်သိက္ခာရှိသော တရားသူကြီးများကို ရွေးချယ်ခန့်အပ်ထားခြင်း၊

[27] ချင်းပြည်(Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ ခုနှစ်/ ပုဒ်မ -၃၂ (ဃ)

[28] ချင်းပြည်(Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ ခုနှစ်/ ပုဒ်မ -၃၂ (ဈ)

[29] ချင်းပြည်(Chinland) ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ ခုနှစ်/ ပုဒ်မ - ၈၃

[30] When the United States of America broke away from its British colonial masters more than 200 years ago, its founding fathers insisted that their new country should have a judiciary that would protect the rights of the people fearlessly and without any interference from any other branch of government.

[31] Institutional Independence

[32] Decisional independence

[33] Operational Independence

[34] Basic Principles of Judicial Independence 1985 (UNGA resolutions 40/32 and 40/146); European Standards on the Independence of the Judiciary 2008; The Bangalore Principles of Judicial Conduct 2002; Mt. Scopus International Standards of Judicial Independence 2008.

အကျင့်ပျက်ခြစားသော တရားသူကြီးများကို ချက်ချင်းထုတ်ပယ်ခြင်းတို့အပြင် တရားစီရင်ရေးကိုအသုံးချ၍ နိုင်လိုမင်းထက်ပြုမှုကို စွန့်ပယ်ခြင်းစသော စံတန်ဘိုးများကို လက်ခံကျင့်သုံးရပါမည်။[35]

(ဂ) ဒီမိုကရေစီကို အမှန်တကယ်ကျင့်သုံးနေသည့်နိုင်ငံများတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား အဓိကထားသည်။ ယင်းသည်လူထု၏ အခြေခံအကျဆုံးအခွင့်အရေးတရပ်လည်း ဖြစ်သည်။ လူ့အဖွဲ့အစည်း၏ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအား ရှာဖွေနေသည့်အချိန်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် အဓိကကျသောစံတန်ဘိုးတရပ်ဖြစ်သည်။ သို့သော် ချင်းပြည်ဖွဲ့စည်းပုံအခြေခံဥပဒေ၌ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် လူထု၏အခြေခံအခွင့်အရေးကို ကာကွယ်ပေးသည့်၊ အာမခံပေးသည့်ပြဋ္ဌာန်းချက်များ မပါရှိပေ။ ထို့အပြင် ဒီမိုကရေစီအုပ်ချုပ်ရေးတွင် အစိုးရ၏လုပ်ဆောင်ချက်များကို အကြံပြု၊ ဝေဘန်ထောက်ပြ၊ ကြပ်မတ်ပေးနိုင်သည့် လူထုအသင်းအဖွဲ့များ လွတ်လပ်စွာဖွဲ့စည်းတည်ထောင်၊ လည်ပတ်ခွင့်အား တိတိကျကျအာမခံ ပြဋ္ဌာန်းထားခြင်းကိုမတွေ့ရ။

သို့ဖြစ်၍ ချင်းပြည်အတွင်းအာဏာပိုင်အဖွဲ့အစည်းများ၏ မတရားဖိနှိပ်မှုများနှင့် အားနည်းချက်များအပေါ် ထိန်းကျောင်းနိုင်ရန် ခက်ခဲသွားသည်။ တပ်မတော်ဆိုသည့် စစ်တပ်၏ ဖိနှိပ်မှုအပေါင်းကို စိတ်ထင်တိုင်းလုပ်ခွင့်ပြုထားသည့် တင်းကြပ်သောဗဟိုချုပ်ကိုင်မှုကို လူထုကရှုံ့ရှာမုန်းတီးနေပြီဖြစ်သည်။ ယင်းမှလွတ်မြောက်ရန်မှာ ပြည်သူလူထု၏ ဆန္ဒဖြစ်သည်။ အစိုးရသစ်အဖြစ်ကြေငြာပြီး ချမှတ်ဖော်ဆောင်လာသည့်အုပ်ချုပ်ရေးသည် ဖိနှိပ်သည့်အာဏာရှင်၏ အုပ်ချုပ်ရေးအဟောင်းနှင့် လုံးဝမတူသည့် အသစ်ဖြစ်ရန်လိုအပ်သည်။ လူထု၏လွတ်လပ်မှုကို မထိပါးစေရန်၊ လူထု၏တရားမျှတမှုကို ရှာဖွေနိုင်ရန်၊ လူထု၏ငြိမ်းချမ်းမှုအခြေအနေတည်မြဲစေရန် မည်သို့အုပ်ချုပ်သွားမည်ဖြစ်ကြောင်း ပြည်တွင်းလူထုသာမက နိုင်ငံတကာကိုပါရှင်းပြသင့်သည်။ ထို့ကြောင့် ချင်းပြည်၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပါအဝင် လူထု၏အခြေခံအခွင့်အရေးများကို အပြည့်အဝအာမခံချက်ပေးထားသည့် ပြဋ္ဌာန်းချက်များထည့်သွင်းကျင့်သုံးနိုင်ရန် လိုအပ်သည်။

## ၁၄။ ချင်းပြည်ကာကွယ်ရေးတပ် ဖွဲ့စည်းခြင်းကိစ္စ

ပြည်နယ်များကအချုပ်အခြာအာဏာပိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုတွင် ဖက်ဒရယ်အဆင့်တွင်ဖြစ်စေ၊ ပြည်နယ်အဆင့်တွင်ဖြစ်စေ တခုတည်းသောတပ်မတော် (Single Army)မှုကို ကျင့်သုံးသင့်၊ မသင့်သေချာစွာ လေ့လာသုံးသပ်ဆုံးဖြတ်သင့်ပါသည်။ ဖက်ဒရယ်ပြည်ထောင်စုအဆင့်တွင် ဖက်ဒရယ်တပ်မတော်

[35] Dr. Venkat Iyer's lectures on the judiciary for the Federal Law Academy in 2017-2018, available at <https://docs.google.com/document/d/1YvDwS9REWReN4EZbob92xZgOr3ha7Ji/edit?usp=sharing&ouid=109645602085955539854&rtpof=true&sd=true> accessed 12 April 2023

ကိုပြည်နယ်ပေါင်းစုံမှ အချိုးတူစေလွှတ်သောတပ်ဖွဲ့ဝင်အင်အားဖြင့်[36] ဖက်ဒရယ်တပ်မတော်တရပ်[37]ကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။

သို့ရာတွင် ပြည်ထောင်စု၏တပ်မတော်မှာ တခုတည်းသာရှိရမည် (Single Army) ဟူသည့် နားလည်မှုဖြင့် ရေးဆွဲခဲ့ကြခြင်းမဟုတ်ပါ။ တလက်ကိုင်တပ်မတော်ဖြစ်သွားလျှင် တခုတည်းသောတပ်မတော်မှာ လူထု၏အခြေခံလွတ်လပ်မှု အခွင့်အရေးများအား ချိုးဖောက်လေ့ရှိကြောင်း နိုင်ငံတကာအတွေ့အကြုံများစွာ ရှိပါသည်။ မြန်မာနိုင်ငံကို အနီးဆုံးကြည့်နိုင်သည်။

ယနေ့ဖက်ဒရယ်စနစ်ကို အောင်မြင်စွာကျင့်သုံးနေသည့် ဆွစ်ဇာလန်နိုင်ငံ၏စစ်တပ်ကို လေ့လာကြည့်ပါက ပြည်နယ်အသီးသီးရှိဒေသကာကွယ်ရေးတပ် (Militia ပြည်သူ့အခြေပြုကာကွယ်ရေးတပ်)များသည် အခြေခံဖြစ်သည်ကို တွေ့ရသည်။ ဆွစ်ဇာလန်နိုင်ငံ၏ သမိုင်းတလျှောက် ပြည်ထောင်စုကာကွယ်ရေးကို Cantons ခေါ် ပြည်နယ်များကအဓိက တာဝန်ယူခဲ့ကြသည်။ ၁၈၄၈ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၁၃) အရ ပြည်ထောင်စုအစိုးရတွင် ဖက်ဒရယ်တပ်မတော် အမြဲတမ်းတပ်ကို တည်ထောင်ခွင့်မပြုထားပေ။ ထို့ကြောင့် ပြည်ထောင်စုကာကွယ်ရေးအတွက် လိုအပ်လာလျှင် ဖက်ဒရယ်အစိုးရက ဥပဒေပြဋ္ဌာန်းကာ ဖက်ဒရယ်တပ်မတော်ဖွဲ့စည်းနိုင်ပြီး Cantons (ပြည်နယ်) အသီးသီးက စစ်သားများကို အချိုးကျစေလွှတ်ကြရသည်။[38]

အသစ်ပြင်ဆင်လိုက်သည့် ၁၉၉၉ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖက်ဒရယ်တပ်မတော်တွင်လည်း မူအားဖြင့် Militia စနစ်ကိုဆက်လက်ကျင့်သုံးပြီး 'by the people, for the people' အခြေခံကို ကျင့်သုံးထားသည်။ နိုင်ငံသားများ၊ အထူးသဖြင့် အမျိုးသားများအနေဖြင့် စစ်သင်တန်းကို မဖြစ်မနေယူကြရပြီး လိုအပ်ပါက တာဝန်ထမ်းဆောင်ရန် အသင့်အနေအထားဖြစ်ရန် စနစ်တကျ စီမံထားသည်ကိုတွေ့ရသည်။ လက်ရှိ ဖက်ဒရယ်တပ်မတော်တွင် တာဝန်ထမ်းဆောင်နေကြသည့် အရာရှိများသည် Cantons (ပြည်နယ်) အသီးသီးမှစေလွှတ်သည့် Militia အရာရှိအများစုဖြင့် ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဆွစ်ဇာလန်နိုင်ငံ၏ ဖက်ဒရယ်တပ်မတော်သည် နိုင်ငံသား၊ ပြည်နယ်သားများနှင့် တသားတည်းဖြစ်လာပြီး အမျိုးသားစည်းလုံးညီညွတ်ရေး၏ သင်္ကေတတခုဖြစ်လာခဲ့သည်။

အမေရိကန်စစ်တပ် ပေါ်ပေါက်လာသည့် နောက်ခံမှာလည်း ပြည်နယ်များကို အခြေပြုသည့် ဒေသကာကွယ်ရေးတပ်များ (Militia) ကိုအခြေခံ၍ပေါ်ပေါက်လာသည်ကို တွေ့ရသည်။ လွတ်လပ်ရေးအတွက် ဗြိတိသျှကိုလိုနီအစိုးရကို တော်လှန်နေသည့်ကာလများတွင် ပြည်နယ်အသီးသီးရှိ ဒေသကာကွယ်ရေးတပ်

---

[36] အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း)
ပုဒ်မ ၁၁၁ (ခ) ပြည်ထောင်စုတပ်မတော် ဖွဲ့စည်းရန်တပ်ဖွဲ့များကို ပြည်နယ်များမှ အချိုးကျပေးပို့ရမည်။

[37] မြန်မာ့တပ်မတော်သည် မြန်မာနိုင်ငံသမိုင်းတွင် ရာဇဝတ်မှုများစွာပြုလုပ်ခဲ့သော စစ်တပ် / မတော်သော တပ်ကို ဖြစ်ခဲ့သည်။ ထို့ကြောင့် မတော်သော တပ်ကို တော်သော တပ်ဖြင့် အစားထိုးဖွဲ့စည်းသွားရန် ရည်ရွယ်၍ ဖက်ဒရယ်တပ်တော်ဟုသော ဝေါဟာရဖြင့် အစားထိုးလိုက် ခြင်းဖြစ်သည်။

[38] The Federal Constitution of the Swiss Confederation 1848, Art 19, 20

များအားစုစည်းကာ Continental Army ကိုဖွဲ့စည်း၍ တိုက်ပွဲဝင်ခဲ့ကြပါသည်။ ၎င်းမှာ အမေရိကန်စစ်တပ်၏ ပထမဦးဆုံးသော ပြည်ထောင်စုတပ် ဖြစ်လာခဲ့သည်။ သို့သော် လွတ်လပ်ရေးရပြီးနောက် အဆိုပါ ပြည်ထောင်စုတပ်ကို ဖျက်သိမ်းခဲ့သည်။ အကြောင်းမှာ ပြည်ထောင်စုအမြဲတမ်း တပ်မတော်ကိုထားရှိလျှင် အာဏာရှင်များ ပေါ်ပေါက်လာပါက ယင်းစစ်တပ်ကိုသုံး၍ နိုင်ငံသားများ၏လွတ်လပ်မှု၊ ပြည်နယ်များ၏လွတ်လပ်မှုကို ခြိမ်းခြောက်လာမည်ကို စိုးရိမ်ခဲ့ကြသည်။ သို့ဖြစ်၍ လွတ်လပ်ရေးရပြီးနောက် ပြည်နယ်အများစုက ၁၇၇၇တွင် အတည်ပြုခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေဟုဆိုနိုင်သည့် ကွန်ဖက်ဒရေးရှင်းပြဋ္ဌာန်းချက်များ[39]တွင် တပ်မတော်ဖွဲ့စည်းရေး အပါအဝင် ကာကွယ်ရေးနှင့်ပတ်သက်၍ ပြည်နယ်များကို အခွင့်အာဏာအပြည့်အဝပေးထားခဲ့သည်။ ပြည်ထောင်စုအစိုးရတွင် အမြဲတမ်းပြည်ထောင်စု တပ်မတော်ထားရှိရန် ငြင်းဆန်ခဲ့ကြသည်။[40]

သို့ရာတွင် ဒေသကာကွယ်ရေးတပ် (Militia) များကို ပြည်နယ်များကသာ တာဝန်ယူရသည့်အတွက် လိုအပ်သည့် အရင်းအမြစ်များလုံလောက်စွာမရှိခြင်း၊ ညီညွတ်ခိုင်မာသည့် အမိန့်ပေးစနစ်မရှိသောကြောင့် ပြည်ထောင်စုကာကွယ်ရေးတွင် ထိရောက်မှုမရှိခြင်းစသည့်အားနည်းချက်များကို ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် ၁၇၈၇ ခုနှစ်တွင် ပြန်လည်ပြဋ္ဌာန်းခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင်မူပြည်ထောင်စုအစိုးရတခုလုံးကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကာကွယ်ရေးအတွက်လည်း ပြည်ထောင်စုတပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။[41] ပြည်ထောင်စုအစိုးရက ပြည်ထောင်စုတပ်မတော်ကို တဆင့်ချင်း တည်ဆောက်ခဲ့ပြီး တချိန်တည်းတွင် ပြည်နယ်အသီးသီးကလည်း ၎င်းတို့၏ ဒေသကာကွယ်ရေးတပ် (Militia) ကိုဆက်လက် ထိန်းသိမ်းထားခဲ့ကြပါသည်။ နောက်ပိုင်းတွင် တခုတည်းသောပြည်ထောင်စုတပ်မတော် ပေါ်ပေါက်လာပြီး ပြည်နယ်အသီးသီးတွင်လည်း Militia ကိုအခြေပြုသည့် ပြည်နယ်စောင့်တပ် (National Guard) များကိုလည်း ပြည်နယ်အစိုးရအောက်တွင် ဆက်လက်ထားရှိခဲ့သည်။

ယနေ့အချိန်တွင် ပြည်နယ်အစိုးရများတွင် သီးခြားစစ်တပ်ဟူ၍ထားရှိခြင်းမရှိတော့ဘဲ ကာကွယ်ရေး ကိစ္စများကို ပြည်ထောင်စုအစိုးရကသာ စီမံခန့်ခွဲသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ပြည်နယ်များ အသီးသီးရှိ National Guard Unit များသည် ပြည်ထောင်စုတပ်မတော်၏ အစိတ်အပိုင်းများဖြစ်လာပြီး ၎င်းတို့ကို ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရတို့က ပူးတွဲအမိန့်ပေးသည့်စနစ်ကိုကျင့်သုံးသည်။ National Guard Unit များကို အချိန်ပိုင်းပြည်သူ့စစ်ဝန်ထမ်း (citizen-soldier) များဖြင့် ဖွဲ့စည်းထားပြီး ၎င်းသည်

[39] Articles of Confederation (1997)

[40] Peter Maslowski, 'Understanding the Creation of the U.S. Armed Forces' in Paul H Herbert and Michael P Noonan (eds), American Military History: A Resource for Teachers and Students (Foreign Policy Research Institute, Philadelphia PA 2013). Available at https://www.fpri.org/wp-content/uploads/2016/03/American-Military-History-A-Resource.pdf

[41] Constitution of the United States, Article I, section (8)

ပြည်ထောင်စုတပ်မတော်၏ အစိတ်အပိုင်းဖွဲ့လည်းဖြစ်သည်။ ထို့ကြောင့် National Guard Unit များသည် ပြည်ထောင်စုတပ်မတော်နှင့် ပြည်နယ်များအကြား ချိတ်ဆက်ထားသည့် အဖွဲ့ဟုလည်း ဆိုနိုင်ပါသည်။

ထို့ကြောင့် ချင်းပြည်တွင် လူမျိုးအလိုက်ငင်း၊ ဒေသအလိုက်ငင်း အကွဲကွဲအပြားပြားဖြစ်နေသည့် အုပ်စုများအကြား ပြည်နယ်အကျိုး၊ ပြည်ထောင်စုအကျိုးကို ရှေးရှု၍စုစည်းညီညွတ်မှုကို ရှာဖွေရမည့်အချိန် ဖြစ်ပါသည်။ လူမျိုးစုအသီးသီး၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် နိုင်ငံရေးကိုယ်စားပြုမှုတို့ကို အာမခံချက်ပေးထားသည့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရေးအရဆွေးနွေးညှိနှိုင်းကာ ပြဌာန်းကျင့်သုံးပါက ညီညွတ်မှု ရှာဖွေရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ထို့နောက် ပြည်နယ်အစိုးရဖွဲ့စည်းကာ အမိန့်ပေး စနစ်ကို ခိုင်မာစွာတည်ဆောက်ပြီး ဒေသကာကွယ်ရေးတပ်များကိုစုစည်း၍ စစ်အာဏာရှင်စနစ်ကို ဆက်လက် တော်လှန်သွားသင့်ပါသည်။ ထိုသို့စုစည်းရာတွင်လည်း တည်ရှိပြီးသားဖြစ်သော ချင်းအမျိုးသားတပ် (CNA) တခုတည်း၏ အမိန့်ပေးမှုအောက်တွင် နည်းလမ်းအမျိုးမျိုးဖြင့်ဖိအားပေးကာ အတင်းအဓမ္မဝင်ရောက်စေခြင်း ထက်ကိုယ့်ဒူးကိုယ်ချွန်ကာ ဒေသအသီးသီး၌ စစ်အာဏာရှင်လက်အောက်မှ တစုံတရာလွတ်မြောက်သည် အထိ စစ်ကောင်စီကိုဆန့်ကျင်တိုက်ပွဲခဲ့သည့် ဒေသကာကွယ်ရေးတပ်များနှင့် ဆွေးနွေးညှိနှိုင်းသဘောတူညီမှု ရယူခြင်းဖြင့်သာ ဖော်ဆောင်သင့်ပါသည်။

**သုံးသပ်အကြံပြုချက်**

(၁) အခြေခံအခွင့်အရေးဆိုင်ရာ ပြဌာန်းချက်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရယူနိုင်သော အခွင့်အရေးများကို ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်းသီးသန့်တခု သတ်မှတ်ပြဌာန်းသင့်သည်။

(၂) ချင်းပြည်ကောင်စီအနေဖြင့် ချင်းပြည်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာတို့အပေါ် တနည်းတဖုံလွှမ်းမိုးထိန်းချုပ်ခွင့်ပြုထားသည့် ပြဌာန်းချက်များကို ပယ်ဖျက်ပြင်ဆင်ပြဌာန်းသင့်သည်။

(၃) လွတ်လပ် ဘက်မလိုက် ထက်မြက်သည့် တရားစီရင်ရေး အခြေခံပြဌာန်းချက်များနှင့် တရားစီရင်ရေးအရ ပြန်လည်သုံးသပ်ပိုင်ခွင့်အာဏာ (Judicial Review Power) အား အခိုင်အမာ ထပ်မံထည့်သွင်းပြဌာန်းသင့် သည်။

(၄) ပုဒ်မ ၃၅ အရထင်ရှားသည်မှာ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ရေရှည်အမြဲတမ်း အသုံးပြုသွားမည့် ဖွဲ့စည်းပုံမဟုတ်ပါ။ စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်နေဆဲကြားကာလအတွင်းတွင် အသုံးပြုမည့်ဖွဲ့စည်းပုံ ဖြစ်သည်။ သို့ဖြစ်၍ ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေ (Interim/ Provisional Constitution) အဖြစ်သာ အတိအလင်းကျင့်သုံး၍ ချင်းပြည်အစိုးရ၏တရားဝင်မှုနှင့် အသိအမှတ်ပြုခံရဖို့ ကြိုးပမ်းသင့်သည်။

အထူးသဖြင့် အကြံပြုလိုသည်မှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာကြီးသုံးရပ် အခြေခံဖြင့်သာ တိုင်းပြည်ယန္တရားနှင့် တိုင်းပြည်အဆောက်အအုံများကိုဖွဲ့စည်းခြင်းမှာ နိုင်ငံတကာ၏စံထား ချက်ဖြစ်သည်။ ၎င်းတို့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်မည့်ပုဂ္ဂိုလ်များအား မည်ကဲ့သို့ရွေးကောက်သည်၊

ရွေးချယ်တင်မြှောက်သည်၊ မည်သည့်လူထုနောက်ခံဖြင့် ပါဝင်ထမ်းဆောင်ခွင့်ရလာသည် ဟူသည့်အပေါ် လေ့လာပြီး ၎င်းနိုင်ငံ (သို့မဟုတ်) ပြည်ထောင်စုအား တရားဝင်အသိအမှတ်ပြုသင့်၊ မပြုသင့်ဆုံးဖြတ်လေ့ရှိကြပါသည်။

အာဏာကြီးသုံးရပ်သည် (သို့မဟုတ်) အာဏာကြီးသုံးရပ်သာလျှင် အချုပ်အခြာအာဏာကို ကျင့်သုံးသည့် တိုင်းပြည်ယန္တရားများဖြစ်သည်။ ၎င်းတို့၏အထက်တွင် မည်သည့်အာဏာပိုင်အဖွဲ့အစည်းမျှ ရှိလို့မရပါ။ ရှိပါက အာဏာပိုင်အဖွဲ့အစည်းများပြားနေသောကြောင့် အုပ်ချုပ်ခံရမည့်လူထုအတွက် ရှုပ်ထွေးစေပါသည်။ အာဏာပိုင်အဖွဲ့အစည်းများအကြားတွင် အားပြိုင်မှုများ၊ ပဋိပက္ခများလည်းပေါ်လာနိုင်သည်။ ပြည်ထောင်စုဖွဲ့စည်းရာတွင် ပါဝင်သည့်ပြည်နယ်များအကြားတွင် တပြေးညီရှိစေရမည့်မှု (Uniformity) ကိုလည်း ဖျက်ဆီးလိုက်ရာရောက်သည်။ သို့ဖြစ်၍ ပြည်နယ်များအားလုံးကိုစုစည်းပြီး ဖက်ဒရယ်ပြည်ထောင်စုအနေဖြင့် တရားဝင်မှု (Legitimacy) ရှာဖွေခြင်းကိုလည်း ထိခိုက်ပါမည်။

လက်ရှိတော်လှန်ရေးကာလတွင် ချင်းပြည်လွှတ်တော်အား လွှတ်တော်တရပ်စနစ်ဖြင့်သာ ဖွဲ့စည်းလည်ပတ်သင့်သည်။ ချင်းပြည်လွှတ်တော်အား ၂၀၂၀ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့ (*De-Jure*)၊ လက်တွေ့နယ်မြေထိန်းချုပ် အုပ်ချုပ်နိုင်စွမ်းရှိသည့် ချင်းပြည်တော်လှန်ရေးအင်အားစုများ (*De-Facto*) အစုအဖွဲ့နှင့် ချင်းပြည်နယ်အတွင်းရှိ သက်ဆိုင်ရာဒေသန္တရများတွင် စစ်အာဏာရှင်စနစ်တိုက်ဖျက် ရေးအား ငြိမ်းချမ်းစွာ လှုပ်ရှားခဲ့၊ လှုပ်ရှားဆဲဖြစ်သော လူထုအသင်းအဖွဲ့များ၊ CDM အင်အားစုများ အစုအဖွဲ့ တို့ဖြင့် ပြောင်းလဲ၊ ပြင်ဆင်၊ ဖွဲ့စည်းလည်ပတ်သင့်သည်။

ဥပဒေပြုလွှတ်တော်ကို ရွေးချယ်တင်မြှောက်ခြင်းအခြေခံအရ တရားဝင်မှု *(De–Jure)* မှု တခုတည်းဖြင့်မဖွဲ့စည်းသင့်ပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် တိုင်းရင်းသားကိုယ်စားလှယ်များ၏ပါဝင်မှုမှာ အကန့်အသတ်ကြီးလွန်းခဲ့သောကြောင့်ပင်။ နယ်မြေစိုးမိုးထားနိုင်မှုအရ တရားဝင်မှု *(De–Facto)* စံထားချက်နှင့် မုချမသွေပေါင်းစည်းရန်လိုပါမည်။ ထို့အပြင် CDM ငြိမ်းချမ်းစွာ လူထုဆန္ဒပြပွဲကြီးများကို ခေါင်းဆောင်လှုပ်ရှားခဲ့ကြသည့် လူထုအသင်းအဖွဲ့များအနက်မှလည်း ၎င်းတို့အချင်း ချင်း ရွေးချယ်တင်မြှောက်မှုများ ပြုစေပြီး အချိုးငယ် တချိုးမျှပါဝင်စေလျှင် တရားဝင်မှုကို ပို၍ ပံ့ပိုးနိုင်ပါမည်။

စစ်ကောင်စီနှင့် စစ်အာဏာရှင်စနစ်ကို တိုက်နေဆဲမျက်မှောက်ကာလ၌တွင်ပင် အချုပ်အခြာအာဏာကို ပြည်နယ်များတွင် အဓိကကျင့်သုံး၍ ပြည်ထောင်စုတခုလုံးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များအတွက် အချုပ်အခြာ အာဏာတချို့အား ပြည်ထောင်စုအစိုးရသို့ သတ်မှတ်လွှဲအပ်သည့် ဖက်ဒရယ်စနစ်အခြေခံကို လက်တွေ့ကျင့်သုံးဖော်ဆောင် ရန်ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် အကြံပြုလိုပါသည်။ ယင်းမှာ ချင်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၂၃ ခုနှစ်နှင့်စပ်လျဉ်း၍ စစ်ကောင်စီကို ဆန့်ကျင်တိုက်ပွဲဝင်လျက် နိုင်ငံရေးစစ်ရေးအင်အားစုများအတွင်း မည်သည့်နည်းနှင့်မျှ အကြမ်းဘက်မှုများ၊ လက်နက်ကိုင်တိုက်ပွဲများ မဖြစ်ပွားစေရေးဖြစ်သည်။ စစ်ကောင်စီက

ဤသည်ကို လက်ညှိုးထိုး၍ ကြားကာလ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးလမ်းကြောင်းကို ထိုးနှက်တိုက်ခိုက်လာနိုင်ပါသည်။ ချင်းပြည်နယ်အတွင်းရှိ အဓိကကျသော နိုင်ငံရေး စစ်ရေးအင်အားစုများအတွင်းညှိနှိုင်းဆွေးနွေးပြီး အဖြေတခုရနိုင်ပါက ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ကြီးမားစွာအထောက်အပံ့ရနိုင်ပါသည်။

**မှတ်တမ်းတင်ခြင်း။** ။ဤစာတမ်းနှင့် စပ်လျဉ်း၍ ပညာရပ်အရမူပိုင်ခွင့်မှာ ဦးအောင်ထူးတွင် ရှိသည်။ ဖြန့်ချိမှုအရ မူပိုင်ခွင့်မှာ ဥပဒေအထောက်အကူပြုကွန်ရက်တွင် ရှိသည်။


**ဥပဒေအထောက်အကူပြုကွန်ရက်** **၂၈ရက်၊ မတ်လ၊ ၂၀၂၄ ခုနှစ်။**

အသေးစိတ်သိလိုပါက ဆက်သွယ်ရန်

ဦးအောင်ထူး၊ (လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ)

ဦးကျော်ကျော် (မဟာဗျူဟာနှင့် မူဝါဒရေးရာ အတိုင်ပင်ခံ)

**Telephone** **- 46 (0) 76 640 8042**

**Website** **- legalaidnetwork.org**

**Email** **- legalaidnetwork@gmail.com**